ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (24-4-2012) (၇၁၀၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုတင်သွင်း

နေပြည်တော် ဧပြီ ၂၃

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၇)ဦးတို့တက်ရောက်ကြသည်။

အစည်းအဝေး၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊အဆိုအသစ်(၁)ခုတင်သွင်းခြင်းနှင့် လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈(ခ)အရ ကတိသစ္စာ မပြုရသေးသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄၀)တို့က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်မှုပြဿနာများအား ဥပဒေနှင့်အညီဖြစ်စေရန် သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက မည်သို့ကြပ်မတ် ပြုပြင်ပေးနိုင်မည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အကြောင်းအမျိုးမျိုးကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဥပဒေများတွင် ယာဉ်မတော်တဆ ဖြစ်ပွားမှုများအပေါ် ယာဉ်ကြီး/ယာဉ်ငယ်ခွဲခြား၍ အပြစ်ပေးအရေးယူရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုများအား အပြစ်ပေးအရေးယူခြင်းဆိုသည်မှာလည်း ၎င်းမော်တော်ယာဉ်များအား မောင်းနှင်သည့်ယာဉ်မောင်းသူများအနက် စည်းကမ်းဖောက်ဖျက်သည့် မှားယွင်းသောယာဉ်မောင်းသူအား အပြစ်ပေးအရေးယူခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယာဉ်တိုက်မှုဆိုင်ရာပြဿနာများအား ဥပဒေနှင့်အညီဖြစ်စေရန်မှာ မော်တော်ယာဉ်ဥပဒေများတွင် ယာဉ်ကြီး/ယာဉ်ငယ်ဟူ၍ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းအရေးယူရမည်မဟုတ်ဘဲ ယာဉ်ကြီးဖြစ်စေ၊ ယာဉ်ငယ်ဖြစ်စေ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ မှန်ကန်စွာစုံစမ်းစစ်ဆေး၍ စည်းကမ်းဖောက်ဖျက်သော/ပြစ်မှုကျူးလွန်သော ယာဉ်မောင်းသူကိုသာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ချမ်းမြသာစည် မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမားနာမည်ခံ အတုအယောင်တို့အား တားမြစ်သည့် ဥပဒေ ရှိ/မရှိ၊ တားမြစ်ဥပဒေရှိလျှင် အမြန်ဆုံးတားမြစ်ပေးပါရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ၂၀၁၁ ခုနှစ် စက်တင်ဘာတွင် ဒုတိယတရားမအယူခံအမှုများကို အကျဉ်းချုံးပြီး ပယ်သည့်ကိစ္စကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က မေးခွန်းတွင်ဖော်ပြသည့် အတုအယောင်ဆိုသူများမှာ ချေးငွေကိုအတိုးဖြင့် ကြိုတင်ထုတ်ချေးသည့် ငွေတိုးချစားသူများဖြစ်သည့်အတွက် ၎င်းတို့၏ တရားမဝင်ငွေတိုးချစားခြင်းနှင့် ပတ်သက်၍ ၁၉၄၅ ခုနှစ် ငွေတိုးချစားသူများအက်ဥပဒေပုဒ်မ ၁၆(၁)၊ ပုဒ်မ ၁၇ တို့အရ တိုင်တန်းတရားစွဲဆိုအရေးယူနိုင်ပါကြောင်း၊ ထို့ပြင် မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခြင်းကြောင့် တစ်ဦးတစ်ယောက်တွင် ထိခိုက်နစ်နာပါက ပြစ်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များအရ တိုင်တန်းတရားစွဲဆို အရေးယူနိုင်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလ

စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ယ နေ့ သ တင်း အ ညွှန်း



ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့ ယှဉ်ပြိုင်ပွဲ၌ လက်ရှိသမ္မတ ဆာကိုဇီ ရှုံးနိမ့်

နိုင်ငံတကာသတင်း စာမျက်နှာ ၄

မြန်မာနိုင်ငံ၏ ရုပ်သံထုတ်လွှင့်မှုဥပဒေ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ကျင်းပ

ပြည်တွင်းသတင်း စာမျက်နှာ ၂

တန်ဖိုးနည်း နှစ်သိန်းတန်ဖုန်း ရန်ကုန်မြို့၌ ဝယ်လိုအားများ၍ သတ်မှတ်ဈေးနှုန်းထက် ငွေကျပ် သောင်းဂဏန်းပိုပေးကာ ဝယ်ယူမှုများရှိလာ

ပြည်တွင်းသတင်း စာမျက်နှာ ၃

"ထီတစ်စောင် ကျပ် ၂၀၀ နှင့် ထိုးခွင့်ရတာ ဝမ်းသာလွန်းလို့ ပေါက်များပေါက်ခဲ့ရင် အဲဒီဆိုင်ကို မုန့်လာကျွေးဦးမယ်လို့တောင် ပြောခဲ့မိ. . ."

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ ၁၀



အလာစကာကမ်းခြေရောက် ဆူနာမီရေမျောဘောလုံးကို မူလပိုင်ရှင်ထံ ပြန်ပေးမည်ဟုဆို

နိုင်ငံတကာသတင်း စာမျက်နှာ ၅

ကြေးမုံ စာ တည်း ရှု ထောင့်

၂၄- ၄-၂၀၁၂[အင်္ဂါနေ့]။

ထာဝရမိတ်ဆွေ၊ တစ်ခဏမိတ်ဆွေ

မိတ်ဆွေကောင်းဆိုသည်မှာ ခက်ခဲဆုံးအချိန်တွင် မိမိတို့နှင့်အတူရှိနေခြင်းပင်ဖြစ်သည်။ လူမှုဘဝသဘာဝမှာ သာရာစီး၊ ပျော်သလိုနေ၊ အခွင့်ထူးရစသည့်အချက်များရှိနေမှသာ မိမိတို့နှင့်အတူတကွ ရှိနေတတ်ပေသည်။ လက်တွေ့ဘဝနယ်ပယ်တွင် အခက်အခဲအကျပ်အတည်းများ တွေ့ကြုံလာပါက ထိုသူတို့ထံမှ ဖယ်ခွာသွားတတ်ကြသူများမှာ တစ်ခဏမိတ်ဆွေဟုခေါ်သည့် မိတ်ဆွေတုဖြစ်လေသည်။ အချို့ကလည်း တော်သလိုနေ၊ လွယ်သလိုလုပ်၊ ဘာသိဘာသာနေသွားတတ်သူများမှာလည်း တစ်ခဏမိတ်ဆွေများဖြစ်ပေသည်။

လူအချို့တို့မှာ အဆင်ပြေချောမွေ့နေပြီး အလိုလိုက်အကြိုက်ဆောင်နေလျှင် အကြိုက်တွေ့ကြ၍ အလွန်ခင်မင်စရာကောင်းသူပါပဲဟုဆိုလေသည်။ ထိုသူသည် တစ်ခါတစ်ရံ စိတ်နှင့်အခန့်မသင့်၍ သဘောကွဲလွဲသွားလျှင်မူ ထိုသူထံမှ ဖယ်ခွာသွားတတ်ကြလေသည်။ ဤသို့သော မိတ်ဆွေသင်္ဂဟများမှာ လူမှုဘဝတွင် များမှများပေသည်။ တစ်ခါ မြင့်မားနေစဉ်အခါတွင်လည်း အလွန်ပင်လေးစားချစ်ခင်ဖွယ်ကောင်းပါဘိဟု ဆိုကြပြန်သေးသည်။ ထိုသူနိမ့်ပါးသွားသောအခါတွင် ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင်မထင်တော့ဘဲ လမ်းတွေ့လျှင်ပင် မသိချင်ယောင်ဆောင်သွားတတ်ကြပေသည်။

အမှန်တကယ်မိတ်ဆွေကောင်းတို့သည် မိမိခံစားရသည်တို့ကို နားလည်ပေးခြင်း၊ မိမိကြုံတွေ့ရသည့်အခက်အခဲကို ဝိုင်းဝန်းဖြေရှင်းပေးခြင်း၊ မည်သည့်အခြေအနေတွင် ရောက်နေသည်ဖြစ်စေ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတို့ကို ပြုလေသည်။ မိတ်ဆွေကောင်းဆိုသည်မှာ အခက်အခဲဆုံးအချိန်တွင် မိမိနှင့်အတူရှိနေခြင်းပင်ဖြစ်သည်။ မိမိကိုလည်း အခက်အခဲကြုံအောင် မည်သို့မျှပြုမူမည့်သူမဟုတ်ချေ။ ထို့အပြင် မိတ်ဆွေကောင်းတို့သည် မိမိမိတ်ဆွေ၏ နဂိုရှိပြီးသားပုံစံအတိုင်းကိုပင် လက်ခံကြသည်။ အရှိအတိုင်းဖြစ်တည်နေသည်ကို လက်ခံကြသည်။ စိတ်သဘောထားမှာ တစ်သမတ်တည်းရှိပြီး မည်သည့်အခြေအနေရောက်ရောက် ပြောင်းလဲမသွားချေ။

အချို့မိတ်ဆွေကောင်းများမှာ ပိုမို၍ မြင့်မြတ်သာလွန်ကြပေသည်။ မည်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ အဆိုပါမိတ်ဆွေ ဖယ်ခွာသွားသော်လည်း ခွင့်လွှတ်သည်းခံတတ်ကြသည်။ အဆိုပါမိတ်ဆွေက မိမိကိုပြန်လည်ရန်တုံ့မူလျှင်လည်း ကျေကျေနပ်နပ်ကြီး ခံစားပေးတတ်လေသည်။ ထို့ကြောင့် အဆိုပါ မိတ်ဆွေကောင်း၊ မိတ်ဆွေမကောင်းတို့ လောကလူ့ရွာတွင်ရှိတတ်ကြရာတွင် အချို့မိတ်ဆွေတို့သည် မိတ်ဆွေကောင်း၊ မိတ်ဆွေမကောင်း မခွဲခြားတတ်လောက်အောင် ဖြစ်တတ်ကြသဖြင့် မိမိ၏ဆင်ခြင်ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာဝေဖန်ပိုင်းခြားတတ်ရမည်ဖြစ်ပေသည်။ သို့မဟုတ်ပါမူ မိတ်ဆွေတုကို မိတ်ဆွေစစ်ဟု ထင်မြင်ပေါင်းသင်းမိ၍ မိမိသည်ပင် ကိုယ်စိတ်ဆင်းရဲဖြစ်တတ်ကြသည်ကို လူမှုဘဝနယ်ပယ်တွင် တွေ့ရတတ်လေသည်။

လူမှုရေးကျင့်ဝတ်များတွင် မိတ်ဆွေကျင့်ဝတ်ငါးပါးရှိရာ မိမိတတ်နိုင်သလောက် ပေးကမ်းချီးမြှင့်ခြင်း၊ ကိုယ့်အောက်သို့ မနှိမ့်ချမူ၍ ကိုယ်နှင့်တန်းတူထားကာဆက်ဆံခြင်း၊ နှစ်ဦးနှစ်ဝ ကြီးပွားရန်အတွက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ ပြောဆိုဆက်ဆံရာတွင် စကားအရာ ပြေပြစ်ချိုသာစွာပြောတတ်ခြင်း၊ စီးပွားဥစ္စာရှာဖွေရာတွင် သစ္စာဖောက်ဖျက်မှုမရှိခြင်းတို့ဖြစ်သည်။ ထို့အပြင် ကျေးဇူးခံမိတ်ဆွေ ကျင့်ဝတ်ငါးပါးလည်းရှိသေးသည်။ မေ့လျော့နေသောဥစ္စာကို စောင့်ရှောက်ပေးခြင်း၊ တစ်ဖက်မိတ်ဆွေ၏ဥစ္စာကို စောင့်ရှောက်ပေးခြင်း၊ မိမိမိတ်ဆွေ ဘေးဒုက္ခရောက်သောအခါ အားကိုးရာဖြစ်ရခြင်း၊ ဘေးဒုက္ခရောက်သောအခါ ပစ်ပယ်စွန့်ခွာမသွားခြင်း၊ သားစဉ်မြေးဆက် အဆက်ဆက် မိတ်ဝတ်မပျက်ဘဲ ပေးကမ်းချီးမြှင့်ခြင်းတို့ ဖြစ်လေသည်။

အဆိုပါမိတ်ဆွေများသည် မိမိတို့ဘဝအတွက် ထာဝရမိတ်ဆွေများဖြစ်ကြသည်။ လူမှုဘဝနယ်ပယ်တွင် ကျင်လည်ကျက်စားသော အမျိုးကောင်းသားသမီးတို့သည် မိမိတို့နှင့်ပေါင်းသင်းဆက်ဆံကြမည့်သူများအား မိတ်ဆွေစစ်၊ မိတ်ဆွေတု၊ ထာဝရမိတ်ဆွေ၊ တစ်ခဏတာမိတ်ဆွေဟူ၍ ခွဲခြားသိမြင်နိုင်စွမ်းရှိကြခြင်းဖြင့် မိမိတို့ဘဝ ထာဝရသာယာလှပနေမည်သာဖြစ်ပါသည်။ ။

မြန်မာနိုင်ငံ၏ ရုပ်သံထုတ်လွှင့်မှုဥပဒေ အလုပ်ရုံဆွေးနွေးပွဲ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာမီဒီယာ ပံ့ပိုးမှုအဖွဲ့ International Media Support (IMS) တို့ ပူးပေါင်းဆောင်ရွက်သည့် Broadcast Media Regulation အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ် Fantastic Hall ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အင်မတန်အရေးကြီးသည့် ဆွေးနွေးပွဲ တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသည့် ရုပ်သံလွှင့်မီဒီယာကဏ္ဍအတွက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုတစ်ခုလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ရေဒီယိုထုတ်လွှင့်မှုကို ၁၉၃၆ ခုနှစ်တွင် စတင်ခဲ့ပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ၁၉၈၀ ပြည့်နှစ်တွင် စတင်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၄ ခုနှစ်မှစ၍ ရုပ်သံလွှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကများပါဝင်နိုင်ရန် စတင်လုပ်ဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၀၄ ခုနှစ်တွင် MRTV နှင့် Forever Group Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် MRTV-4 ရုပ်သံလိုင်းကို လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် MRTV နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းပြီး Myanmar International (MI) ရုပ်သံလိုင်းကိုလည်းကောင်း စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ ထို့ပြင် အခပေးကြည့်ရှုရသည့် ရုပ်သံလိုင်းများအဖြစ် DVBT စနစ်ဖြင့် ရုပ်သံလိုင်း ၅၂ လိုင်း၊ DTH စနစ်ဖြင့် ရုပ်သံလိုင်း ၄၆ လိုင်းကို ထုတ်လွှင့်နိုင်ခဲ့ပါကြောင်း၊ ရေဒီယိုထုတ်လွှင့်မှုကဏ္ဍတွင်လည်း ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် FM ရေဒီယို ထုတ်လွှင့်မှုကို စတင်ခဲ့ပြီး ၂၀၀၈ခုနှစ်တွင်မှ နိုင်ငံတော်နှင့် ဖက်စပ်ထုတ်လွှင့်သည့် FM ရေဒီယိုအစီအစဉ် ခြောက်ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် တိုးချဲ့ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရုပ်သံလွှင့်မီဒီယာကဏ္ဍသည် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လာမည့်နှစ်များအတွင်း ယခုထက်ပို၍ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ၁၉၉၆ ခုနှစ်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်တွင် ပြောင်းလဲလာနေသည့် အခြေအနေများနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲရန် လိုအပ်လာပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Broadcasting Law တစ်ခု ရေးဆွဲနိုင်ရန် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဥပဒေများကို လေ့လာ၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မူကြမ်းစတင်ရေးဆွဲခဲ့ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့် ကိုက်ညီသည့် Broadcasting Law တစ်ရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတကာပညာရှင်များနှင့် ပြည်တွင်းမီဒီယာများထံမှ အကြံဉာဏ်များရယူရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

ဆွေးနွေးကြရာတွင် (၁)ဥပဒေပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရန်၊ (၂)ယနေ့ မြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သည့် ရုပ်သံထုတ်လွှင့်မှုပုံစံ (Model) များအပြင် နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် IPTV, Public Service Broadcasting Community Radio အစရှိသည့် ရုပ်သံထုတ်လွှင့်မှုပုံစံများအတွက်လည်း ထည့်သွင်းစဉ်းစားရေးဆွဲရန်၊ (၃)ယနေ့ ရုပ်သံမီဒီယာကဏ္ဍကို ဖြေလျှော့မှုများ (Liberalize) လုပ်သည့်အခါ တွေ့ကြုံရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများတွင် ပါဝင်သင့်သည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍ ရာခိုင်နှုန်း၊ ကြော်ငြာပါဝင်မှုအချိုးအစား၊ မိမိတို့ကိုယ်ပိုင်အစီအစဉ်များ ပါဝင်ရမည့် ရာခိုင်နှုန်း စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်၊ (၄)ရေဒီယို၊ ရုပ်မြင်သံကြားအပြင် New Media ဖြစ်သည့် အင်တာနက်ဆက်သွယ်မှုများအတွက်ပါ ထည့်သွင်းရေးဆွဲရန် လို/မလို စဉ်းစားရန်၊ (၅)ရုပ်သံလွှင့် မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာလုပ်ဆောင်ရေး၊ အတတ်ပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်မည့် အဖွဲ့အစည်းတစ်ရပ်ထားရှိရန် လို/မလို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား မိန့်ခွန်းပြောကြားခဲ့ရာ၌ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရာတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့ မဖြစ်စေဘဲ ထိုအခွင့်အရေးများကို နည်းမှန်၊ လမ်းမှန်ဖြင့် ပြည်ထောင်စုအကျိုးစီးပွား၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားများကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးသည့် ရည်ရွယ်ချက်ဖြင့် ရေးဆွဲကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ယခု အသစ်ပြန်လည်ရေးဆွဲနေသည့် ရုပ်သံထုတ်လွှင့်မှုဥပဒေသည်လည်း နိုင်ငံသားများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သတင်းရယူခွင့်များကို မထိခိုက်စေဘဲ၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်စေရန်နှင့် မြန်မာမီဒီယာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ရေးဆွဲရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် International Media Support(IMS)မှ Mr. Ranga Kalansooriya က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် International Standards and Main Issue for Myanmar ခေါင်းစဉ်ဖြင့် နိုင်ငံတကာ ကျွမ်းကျင်သူ Mr. Toby Mendel နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝမ်းတို့က အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Mr. Toby Mendel က Licensing and Convergence၊ Regulation of Content နှင့် Public Broadcasting စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ၊ ပါဝင်ဆွေးနွေးလိုသည်များကို ပြန်လည်မေးမြန်းရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲ နောက်ဆုံးအစီအစဉ်တွင် Other Issues and Agreement On Key Principles ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြပြီး မဇ္ဈိမသတင်းဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းပုံများနှင့် ဖိုင်များ ပါဝင်သည့် Memory Sticks များကို အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကိုယ်စီပေးအပ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ IMS၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ Forever Group Co., Ltd.၊ Family Entertainment နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ချယ်ရီ FM၊ ပတ္တမြား FM နှင့် ပုဂံ FM တို့မှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့(စ်)တ်နှင့် မဇ္ဈိမသတင်းဌာနတို့မှ တာဝန်ရှိသူများ၊ NGO များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြန် ကြား ရေး ဝန် ကြီး ဌာ န ဒု တိ ယ ဝန် ကြီး ဦး စိုး ဝင်း Broadcast Media Regulation အလုပ်ရုံ ဆွေး နွေး ပွဲ တွင် အမှာစကားပြော ကြားစဉ်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၁. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၁. ၀၁၀၄	၀. ၀၃၂၂၅
တရုတ် (ယွမ်)	၆. ၃၀၇၃၈	၀. ၁၅၈၅၄
အိန္ဒိယ (ရူပီး)	၅၂. ၅၂၄၈	၀. ၀၁၉၀၄
မလေးရှား (ရင်းဂစ်)	၃. ၀၆၉၀၅	၀. ၃၂၅၈၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၉၈၅	၀. ၈၀၀၁၀
ဂျပန် (ယန်း)	၈၁. ၀၈၆၈	၀. ၀၁၂၃၃
တောင်ကိုရီးယား(ဝမ်)	၁၁၄၁. ၆၆	၀. ၀၀၀၈၈
ယူရို	၀. ၇၆၁၆၀	၁. ၃၁၃၀၃
ဗြိတိသျှ (ပေါင်)	၀. ၆၂၁၁၉	၁. ၆၀၉၈၀

အင်တာနက်။

စက်ရေတွင်း တူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

သာစည် ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ ဦးစံထွန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့သည် မတ် ၁၅ ရက်က အုတ်ကျင်းကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးခဲ့သော စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်များပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရေတွင်းသည် နှစ်လက်မ စက်ရေတွင်းဖြစ်၍ တွင်းအနက်မှာ ပေ ၃၀၀ ရှိပြီး ရေထွက်အားမှာ တစ်နာရီလျှင် ဂါလန် ၁၂၀၀ ထွက်ရှိသော ရေချိုတွင်းတစ်တွင်း ဖြစ်ကြောင်း သိရသည်။ (၄၂၅)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Beat Nobs ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာကိစ္စရပ်များ၊ မြန်မာ-ဆွစ်ဇာလန်နှစ်နိုင်ငံ ချစ်ကြည်မှုတိုးတက်မြင့်မားရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Beat Nobs ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ပြည်သူ့လွှတ်တော်မှ

အတွင်းက ကြားနာခဲ့သည့် တရားမဒုတိယ အယူခံမှု(၆၄)မှုရှိပြီး အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည့်အမှု (၂၇)မှု ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံမှုများကိုကြားနာရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ အရ လက်ခံကြားနာခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ အယူခံလွှာတွင် အရေးယူလောက်သော ဥပဒေကြောင်းဆိုင်ရာ ပေါ်ပေါက်ကြောင်း မတွေ့ရှိရသည့်အမှုများအား လက်ခံကြားနာခြင်း မပြုတော့ဘဲ အကျဉ်းနည်းအားဖြင့်ပယ်သည့် အမိန့်ချမှတ်ပါကြောင်း၊

မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အကျဉ်းနည်းပယ်ခဲ့သည့် တရားမ အယူခံမှုများမှာ ယင်းသို့အရေးယူလောက်သော ဥပဒေပြဿနာ ပေါ်ပေါက်ခြင်းမရှိသော အမှုများဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခွင့်ပြုထားသောကျောင်းများ၏ ခွင့်ပြုငွေအား ကုမ္ပဏီများသို့ ဆောက်လုပ်ခွင့်ပြုထားသော ကျောင်းများကဲ့သို့ခွင့်ပြုငွေကိုချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် အမှန်တကယ်ကုန်ကျငွေကိုသာ နိုင်ငံတော်ကခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပြည်သူများက ထည့်ဝင်၍ မ,တည်ထားသောတန်ဖိုးနှင့် ကျောင်းဆောင်ဟောင်းဖျက်သိမ်း၍ ဆောက်လုပ်ပါက ကျောင်းဆောင်ဟောင်းမှ ဆယ်တင်ပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်လျှင် ၎င်းပစ္စည်းများ၏ တန်ဖိုးတို့ကို နုတ်ပယ်၍သာ ခွဲဝေပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါတန်ဖိုးများကိုပါ ခွဲဝေပေးပါက အလွဲသုံးစားမှုများ ဖြစ်ပေါ်နိုင်သဖြင့် စိစစ်ခွဲဝေပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူထည့်ဝင်ငွေမရှိခြင်းနှင့် ဆယ်တင်ပစ္စည်းများ အသုံးပြုနိုင်ခြင်းမရှိမှသာ ကုမ္ပဏီများသို့ခွင့်ပြုသည့်နှုန်းအတိုင်း ခွဲဝေချထားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး** အဆိုကိုတင်သွင်းပြီး အဆိုနှင့်စပ်လျဉ်း၍ ဧပြီ ၂၄ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းကြရန်ဖြစ်ကြောင်းသိရသည်။

အသိပေးတင်ပြခြင်းကဏ္ဍ၌ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် ပြည်သူ့လွှတ်တော်သို့ မတ် ၂၃ ရက်တွင် ပြန်လည်ပေးပို့ခဲ့ကြောင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေဖြင့် ဆွေးနွေးလိုသည့်အကြောင်းအရာ ဖော်ပြထားသော အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဧပြီ ၂၄ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ကြောင်း အသိပေးဆောင်ရွက်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် တန်ဖိုးနည်းဖုန်းများ စိတ်ဝင်စားသူများပြား တန်းစီစောင့်ဆိုင်းကာ ဈေးပိုပေးဝယ်ယူရ

ရန်ကုန် ဧပြီ ၂၃

အသစ်ချထားပေးသော တန်ဖိုးနည်းဖုန်းများကို အခြားမြို့များထက် ရန်ကုန်မြို့တွင် စိတ်ဝင်စားဝယ်ယူလိုသူ များပြားလျက်ရှိပြီး ဖုန်းစတင်ချပေးသည့်နေ့မှစ၍ တန်းစီစောင့်ဆိုင်းကာ သတ်မှတ်ဈေးနှုန်းထက်ပိုပေး၍ ဝယ်ယူနေရကြောင်း ဖုန်းဝယ်ယူသူများထံမှ စုံစမ်းသိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်းလိုင်းအင်အား သန်း ၃၀ စီမံချက်၏ ပထမနှစ် စီမံကိန်းအရ တန်ဖိုးနည်းဖုန်းများ ချထားပေးရာတွင် ဝယ်လိုအားများပြားသော ရန်ကုန်မြို့တွင် သတ်မှတ်ဈေးနှုန်းထက် ငွေကျပ် သောင်းဂဏန်းပိုပေးကာ ဝယ်ယူခဲ့ကြရကြောင်း သိရှိရသည်။ နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ရောင်းချဆောင်ရွက်ခွင့်ရရှိသော ကုမ္ပဏီနှင့် ဖုန်းအရောင်းဆိုင်မှ ငွေကျပ်နှစ်သိန်းဖြင့် ရောင်းချသော်လည်းတစ်ဆင့်ပြန်လည်ရောင်းချသော ဖုန်းအရောင်းဆိုင်များတွင် ငွေကျပ်လေးသောင်းအထိပိုပေးကာ ဝယ်ယူမှုများရှိခဲ့သည်ဟု သိရသည်။

“နှစ်သိန်းဖုန်းတွေ လာတော့မယ်၊ လာတော့မယ်နဲ့ စောင့်နေတာ။ငါးသိန်းတန်ဖုန်းတွေကို မဝယ်ဘဲနဲ့လေ။ဈေးသက်သက်သာသာနဲ့ရလေ ပိုအဆင်ပြေလေပါပဲ။ ဟမ်းဆက်နဲ့ နောက်ဆက်တွဲ ဖုန်းဘေတွေက ရှိသေးတယ်လေ။ ဒါကြောင့် နှစ်သိန်းဖုန်း စပေးတာနဲ့ သွားဝယ်တာ။ ကြိတ်ကြိတ်တိုးပဲ။ ဝယ်လိုအားများတော့ ဈေးက လေးငါးသောင်းအထိကို ဈေးတက်သွားတယ်။ သင်္ကြန်မတိုင်ခင်အထိ နှစ်သိန်းသုံးသောင်းဈေး ပေါက်တယ်။ သင်္ကြန်ပြီးတော့ နှစ်သိန်းနှစ်သောင်းခွဲတဲ့။ ဒါတွေက မဖြစ်သင့်ပါဘူး။ အစိုးရက နှစ်သိန်းနဲ့ ချထားပေးရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် နှစ်သိန်းနဲ့ လိုသလောက်ကို ရရပါမယ်။ လိုင်းအင်အား သန်းနဲ့ချီပြီး ချထားပေးမှာပဲ။ မလုံမလောက်နဲ့ ဈေးတင်တာ။ လိုင်းမပွင့်သေးတဲ့ ဖုန်းကို ဈေးပိုပေးဝယ်ရတာကတော့ မဖြစ်သင့်ပါဘူး။ ဝယ်သူဘယ်လောက်များများပေါ့။ ဝယ်သူများလို့ ဈေးတင်လိုက်တာကတော့ စိတ်ပျက်စရာအကောင်းဆုံးပဲ။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့နေရာမှာ မှောင်ခိုဈေးကွက်ဆိုတာ မရှိသင့်ပါဘူး။ လိုချင်ရင်ရမယ်။ ဈေးပိုပေးဆိုတာကတော့ လွတ်လပ်ပါတယ်ဆိုတဲ့ စီးပွားရေးစနစ်မှာ မရှိသင့်ပါဘူး။ သက်ဆိုင်ရာကလည်း ဝင်ရောက်ထိန်းသိမ်းပေးသင့်ပါတယ်”ဟု ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။

ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ရန်ကုန်မြို့တွင် ဈေးနှုန်းပိုမိုပေးဝယ်ယူနေကြရသော်လည်း နယ်မြို့များတွင်မူ ကျပ်နှစ်သိန်းဖြင့်သာ ဝယ်ယူနိုင်ကြောင်း သိရသည်။ အဆိုပါ နှစ်သိန်းတန်မိုဘိုင်းဖုန်းများကို ကုမ္ပဏီကြီးများ၊ ဘဏ်များ၊ အဖွဲ့အစည်းများက ဝန်ထမ်းများအတွက် တာဝန်ယူဝယ်ယူပေးကြပြီး အရစ်ကျ ငွေပေးသွင်းစနစ်၊ လစာမှ လစဉ်အချိုးကျ ဖြတ်တောက်သွားသော စနစ်တို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးမှုများလည်း ရှိကြောင်းသိရသည်။

မြန်မာ့ဆက်သွယ်ရေးမှ ဖုန်းလိုင်းအင်အား များပြားလာသည်နှင့်အမျှ တယ်လီဖုန်းတပ်ဆင်ခနှုန်းထားများ လျှော့ကျလာမည်ဟု တရားဝင်ထုတ်ပြန်ပြောကြားထားရာ မိုဘိုင်းဖုန်းတစ်လုံးလျှင် ငွေကျပ်ငါးသိန်းမှ ငွေကျပ်နှစ်သိန်းအထိသို့လျှော့ကျလာခဲ့သည်။ ကျပ်ငါးထောင်ဖုန်းကဒ်နှင့်ပတ်သက်၍ ဈေးသက်သာသော ဖုန်းများ အသုံးပြုခွင့်ရရှိရေး မျှော်လင့်နေကြသည်ဖြစ်ရာ ငွေကျပ်နှစ်သိန်းထက် ထပ်မံလျှော့ကျအသုံးပြုနိုင်ရေးကိုလည်း မျှော်လင့်လျက်ရှိကြသည်။ ယင်းအပြင် လိုင်းအင်အားများ များပြားလာမည်ဖြစ်၍ တယ်လီဖုန်းသုံးစွဲသူများ များပြားလာမည်ဖြစ်ရာ ဖုန်းပြောဆိုခ နှုန်းထားများ ညအချိန်သာမကဘဲ အချိန်ပြည့် လျှော့ကျသည့်နှုန်းထားဖြင့် ကောက်ခံရေးကိုလည်း မျှော်လင့်လျက်ရှိကြကြောင်း သိရှိရသည်။ လက်ရှိတွင်မူ တန်ဖိုးနည်းဟု ခေါ်ဆိုကြသော နှစ်သိန်းတန်ဖုန်းများကို ငွေပိုပေးကာ အလုအယက် ဝယ်ယူနေကြသည်ဟု သိရသည်။

(ဆုနှင်းလဲ့)

စပေါင်းသက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဈေးကြီးပိုင်း၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်တို့စုပေါင်း၍ (၆၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက်က မဟာသကျမုနိဘုရားကြီးဝင်းရှိ မဟာပုညောပကာရ ဓမ္မာရုံကြီး၌ ကျင်းပသည်။

အသက် (၇၀)နှင့်အထက် ဘိုးဘွား ၅၅၄ ဦးတို့အား ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်နှင့် ကော်မတီဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက ပစ္စည်းနှင့်ငွေသားကျပ်သိန်း ၁၁၀ ကျော် လှူဒါန်းကန်တော့ကြသည်။ **(ယာပုံ)** (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မီး လောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

- ၅း၄၀ “အမြင်မှားတဲ့ဘေးကို အမြင်မှန်နဲ့သိမ်းပါ” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၉း၃၀ ရွာတန်း အ. ထ. က ၏ငွေရတုပွဲတော်နှင့် အာစရိယပူဇော်ပွဲ
- ၄း၃၀ AFC Cup 2012 Group G [Chonburi (Thailand) Vs Yangon United(Myanmar)]
- ၆း၁၅ ရန်ကုန်မြင်ကွင်းကျယ် (TMW ၏ Bo Aung Kyaw Show Room ဖွင့်ပွဲအခမ်းအနား)
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၂)**
- ၇း၃၀ ရန်ကုန်မြင်ကွင်းကျယ် [ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၁၈)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများ] (အပိုင်း-၃)
- ၉း၂၀ Show Room (Part-12)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၁၆)**
- ၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပုံပြောကောင်းတဲ့ချစ်သူ” (အပိုင်း-၂၂)**

ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့ယှဉ်ပြိုင် လက်ရှိသမ္မတ ဆာကိုဇီ အရှုံးနှင့်ရင်ဆိုင်ရ

ပါရီ ဧပြီ ၂၃

ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့မဲပေးမှုကို ဧပြီ ၂၂ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ရာ လက်ရှိပြင်သစ်သမ္မတ ဆာကိုဇီအနေဖြင့် မကြာမီကျင်းပတော့မည့် ဒုတိယအကျော့မဲပေးမှုတွင် ပြင်းပြင်းထန်ထန် ရှုန်းကန်ရတော့မည်ဟု ဧပြီ ၂၃ ရက်သတင်းများတွင် ဖော်ပြသည်။

ဧပြီ ၂၂ ရက်တွင် ကျင်းပခဲ့သော ပြင်သစ်သမ္မတရွေးချယ်ပွဲ ပထမအကျော့တွင် ဆာကိုဇီက ဆန္ဒမဲ ၂၇ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် ဆိုရှယ်လစ်ဝါဒီသမ္မတလောင်း ဖရန်ကိုစစ် ဟော်လန်ဒေးက ဆန္ဒမဲ ၂၈ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ယင်းမှာ လက်ရှိသမ္မတတစ်ဦး အနေဖြင့် ပထမအကျော့မဲဆန္ဒခံယူပွဲတွင် ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၎င်းတို့နှစ်ဦးသည် မေ ၆ရက်တွင် ကျင်းပမည့် ဒုတိယအကျော့ မဲပေးပွဲတွင် ပြန်လည် ရင်ဆိုင်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။ ပြင်သစ်သမ္မတရွေးချယ်ပွဲ၌ တတိယမြောက်သမ္မတလောင်း အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ လက်ယာစွန်း အမျိုးသားတပ်ဦးပါတီမှ မစ္စမာရင်းလေပန်မှာ ကြီးမား သော ဆန္ဒမဲဝေစုအဖြစ် ဆန္ဒမဲ၏ ၁၈ ရာခိုင်နှုန်းရရှိခဲ့သည်။

ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့၌ မဲပေးခွင့်ရှိသူ ငါးဦးလျှင် တစ်ဦးခန့်မှာ လက်ယာစွန်း အမျိုးသားတပ်ဦး ပါတီကိုယ်စားလှယ်အား ထောက်ခံမဲပေးခဲ့ပြီး ယင်းတို့ မဲပေးခဲ့ကြသူများမှာ အသက်အရွယ် ငယ်ရွယ်သူအများအပြားနှင့် အလုပ်သမားလူတန်းစားမဲဆန္ဒရှင်များ ဖြစ်သည်ဟု ဆိုသည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲ ပထမအကျော့တွင် အရေးနိမ့်ခဲ့သည့် လက်ရှိ ပြင်သစ်သမ္မတ ဆာကိုဇီ။

(ဓာတ်ပုံ-အင်တာနက်)

ပဉ္စမပြင်သစ်သမ္မတတည်ထောင်ခဲ့သည့် ၁၉၅၈ခုနှစ်ကတည်းက ယခုအချိန်အထိ လက်ရှိ ပြင်သစ်သမ္မတတစ်ဦးအနေဖြင့် သမ္မတရွေးကောက်ပွဲသို့ ပြန်လည်ဝင်ရောက်အရွေးခံရာ၌ ပထမ အကျော့မဲဆန္ဒပေးပွဲ၌ အရေးနိမ့်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု သတင်းတွင်ဖော်ပြ ထားသည်။

အင်တာနက်။

ကမ္ဘာလှည့်ခရီးသည် တစ်သန်းလာရောက်ရန် သီရိလင်္ကာ၌ စီစဉ်ဆောင်ရွက်လျက်ရှိ

ကိုလံဘို ဧပြီ ၂၃

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ်ပထမသုံးလပတ် ကာလ တွင် ကမ္ဘာလှည့်ခရီးသည် ဦးရေ ၂၁ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့် ရောက်ရှိခဲ့ပြီးနောက် ထပ်မံ၍ခရီးသည်တစ်သန်းလာရောက်ရန် ရည်မှန်း၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို မြှင့်တင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဝန်ကြီး က ဧပြီ ၂၃ရက်တွင် ပြောကြားသည်။

၂၀၁၂ခုနှစ် မကြာသေးမီကာလအတွင်းက ခရီးသည် ဦးရေ တိုးလာခဲ့ပြီးနောက် ၉၅၀၀၀၀ မှ တစ်သန်းအထိ တိုး၍ လာရောက်ရန် အစိုးရက စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးဖွံ့ဖြိုးရေးဌာန ဒုတိယဝန်ကြီး လက်ချ်မန်က ပြောကြား သည်။

ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်ဟု ခန့်မှန်းထား ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံဝန်းကျင်၌ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့ရှိသော အရပ် ၁၀ နေရာ၌ ရဲဌာနများ ဖွင့်လှစ် ထားမည့်အပြင် အထူးလေ့ကျင့်ပေးထားသော နိုင်ငံခြားဘာသာ စကားတတ်ကျွမ်းသည့် ရဲတပ်ဖွဲ့ဝင်များကိုလည်း တာဝန်ချ ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်း ကြောင့် ခရီးသည်များဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင် မည့်အပြင် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၂၈ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်ကာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၅ သန်းအထိ ရရှိခဲ့ပြီး ပထမ သုံးလပတ်၌ ခရီးသည် ၂၆၀၅၂၅ဦး ရောက်ရှိလာသည်ဟု ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

ဆူဒန်လေယာဉ်များ တောင်ဆူဒန်မြို့ကို ဗုံးကြဲ

ဂျူဘာ ဧပြီ ၂၃

ဆူဒန်ဂျက်လေယာဉ်များသည် တောင်ဆူဒန်နိုင်ငံ၏ အဓိကမြို့ကြီးတစ်မြို့ကို တနင်္ဂနွေနေ့တွင် ဗုံးကြဲတိုက်ခိုက် ကြောင်း တနင်္လာနေ့ အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဆူဒန်လေယာဉ်များ၏ဗုံးဒဏ်ကြောင့် ပျက်စီးသွားသောဈေးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံကြွယ်ဝသော နယ်စပ်ဒေသပြည်နယ် ယူနီတီ၏ မြို့တော် ဗင်တီယူကို ဆူဒန်စစ်လေယာဉ်များက ဗုံးကြဲခဲ့ရာ အနည်းဆုံး ကလေးတစ်ဦးသေဆုံး၍ အရပ်သားအများအပြား ဒဏ်ရာရရှိကြောင်း မျက်မြင်ကြုံတွေ့ခဲ့ရသူ အေအက်ဖ်ပီ သတင်းထောက်က ပြောသည်။

ဧပြီ ၁၀ ရက်က ဆူဒန်ကြည်းတပ်လက်မှ သိမ်းယူခဲ့ သည့် အငြင်းပွားလျက်ရှိသော ဟက်လစ်ရေနံမြေမှ ၎င်း၏ တပ်ဖွဲ့အားလုံးကို ရုပ်သိမ်းပြီးစီးကြောင်း တောင်ဆူဒန် ကြည်းတပ်က ကြေညာပြီးနောက်တစ်ရက်တွင် ဤသို့လေကြောင်းမှ တိုက်ခိုက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံတပ်ဖွဲ့များအကြား အပြင်းအထန်တိုက်ပွဲ ဖြစ်ပွား ပြီးနောက် နှစ်နိုင်ငံစစ်ဖြစ်ခြင်းမှ ရှောင်လွှဲရန်အတွက် ဟက်လစ် ဒေသမှ ၎င်းတို့၏ တပ်ဖွဲ့များကိုဆုတ်ခွာရန် အမိန့်ပေးခဲ့ခြင်း ဖြစ်ကြောင်း တောင်ဆူဒန်တာဝန်ရှိသူများက ပြောသည်။ သို့သော်လည်း ဆူဒန်နိုင်ငံက ဆုတ်ခွာနေသော ၎င်းတို့၏တပ်ဖွဲ့ များကို လေကြောင်းမှ အပါအဝင် ဆက်လက်တိုက်ခိုက်လျက် ရှိကြောင်း ထပ်မံပြောကြားသည်။

တံတားတစ်စင်းနှင့် ဈေးတစ်ဈေးကို ဗုံးကြဲကြောင်း၊ အနည်းဆုံးတစ်ဦးသေဆုံးကြောင်း၊ ကလေးသုံးဦးအပါအဝင် အရပ်သား ၁၀ ဦးဒဏ်ရာရရှိကြောင်း တောင်ဆူဒန် စစ်ထောက် လှမ်းရေး ဒုတိယညွှန်ကြားရေးမှူး မက်ပေါလ်ကပြောသည်။

အင်တာနက်။

ကိုလံဘီယာ သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဓာတ်ခွဲခန်း အစိုးရတပ်ဖွဲ့ဝင်များစီးနင်း၊ ကိုကင်းနှစ်တန်ကျော် သိမ်းဆည်းရမိ

ဘိုဂိုတာ ဧပြီ ၂၃

ကိုလံဘီယာနိုင်ငံတောင်ပိုင်း နာရီနိုပြည်နယ်တွင် ကိုကင်းနှစ်တန်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း ကိုလံဘီယာ အစိုးရတပ်ဖွဲ့ဝင်များက ပြောကြားကြောင်း ဧပြီ ၂၃ရက် သတင်း များတွင် ဖော်ပြသည်။

ကိုလံဘီယာ အစိုးရတပ်ဖွဲ့ဝင်များသည် ယင်းနိုင်ငံရှိ အကြီးမားဆုံးသော သောင်းကျန်းသူအဖွဲ့အစည်းဖြစ်သည့် အက်ဖ်အေအာရ်စီအဖွဲ့၏ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းတစ်ခုကို ဝင်ရောက်စီးနင်းစဉ်တွင် ကိုကင်းများကို သိမ်းဆည်းရမိခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမူးယစ်ဆေးဓာတ်ခွဲခန်းသည် အဆိုပါ သူပုန် စခန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အဆိုပါ ဓာတ်ခွဲခန်း၌ သောင်းကျန်းသူ ၂၀ ခန့်ရှိနိုင်သည်ဟု ကိုလံဘီယာတပ်ဖွဲ့ဝင် များက ပြောကြားသည်။

အက်ဖ်အေအာရ်စီ သူပုန်အဖွဲ့၏ ဆယ်စုနှစ်ငါးစုကြာ ကိုလံဘီယာအစိုးရဆန့်ကျင်ရေးဆောင်ရွက်ရာတွင် ဘဏ္ဍာငွေ ရရှိရေးအတွက် ကိုကင်းရောင်းဝယ်ဖောက်ကားမှုကို ကြီးမားစွာ အားထားလုပ်ကိုင်ခဲ့သည်။

ကိုလံဘီယာတပ်ဖွဲ့ဝင်များ စီးနင်းခဲ့သော မူးယစ်ဓာတ်ခွဲ ခန်းကို သူပုန်အဖွဲ့က တောနက်ပိုင်းတွင် လျှို့ဝှက်တည်ဆောက် ထားခြင်းဖြစ်ပြီး အဆောက်အအုံမှာ သစ်သားထည်များနှင့် အခိုင်အမာတည်ဆောက်ထားကြောင်း၊ ယင်းစခန်းမှ ကိုကင်း ၂၁၂၁ကီလိုဂရမ်၊ မိုက္ကာဝေ့ဗ်မီးဖိုသုံးလုံး၊ မီးစက်နှစ်လုံးနှင့် ကိုကင်း ချက်လုပ်ရာတွင်အသုံးပြုသော ဓာတုပစ္စည်းများကိုပါ သိမ်းဆည်း ရမိခဲ့သည်ဟု သတင်းတွင်ဖော်ပြထားသည်။ **အင်တာနက်။**

အက်ဖ်အေအာရ်စီ သူပုန်အဖွဲ့၏ မူးယစ်ဓာတ်ခွဲခန်းကို ကိုလံဘီယာ အစိုးရ တပ်ဖွဲ့ဝင်များ စီးနင်းပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံမြောက်ပိုင်းကမ်းခြေ၌ လင်းပိုင်ငါး ၈၇၇ ကောင် ကမ်းတင်သေဆုံးမှု ပီရူးသဘာဝဝန်းကျင်ဆိုင်ရာ အာဏာပိုင်များ စုံစမ်းစစ်ဆေးနေ

လီမာ ဧပြီ ၂၃

ပီရူးနိုင်ငံမြောက်ပိုင်း ကမ်းခြေတစ်လျှောက်တွင် ယခုနှစ် အတွင်းဖြစ်ပွားခဲ့သည့် လင်းပိုင်ငါးကောင်ရေ ၈၀၀ ကျော် ကမ်းတင်သေဆုံးခဲ့မှုကို ပီရူးနိုင်ငံ သဘာဝဝန်းကျင်ဆိုင်ရာ အာဏာပိုင်များစုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း စီအန်အန် သတင်းဌာနက ဧပြီ ၂၂ ရက်တွင် သတင်းဖော်ပြသည်။

ပီရူးနိုင်ငံ သဘာဝဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဂါဘရီယယ်ကီဂျန်ရီဟာက ယင်းသို့ လင်းပိုင်များ သေဆုံးရခြင်းမှာ ဗိုင်းရပ်စ်ပိုးတစ်မျိုးမျိုး ကူးစက်ပြန့်ပွားခဲ့ရခြင်း ကြောင့် ဖြစ်ဖွယ်ရှိသည်ဟု ပြောကြားကြောင်း ပီရူးနိုင်ငံပိုင် သတင်းဌာန အန်ဒီနာက ဖော်ပြသည်။

အမျိုးအမည်မသိရောဂါကျရောက်ပြီး ကမ်းတင်သေဆုံး နေသည့် လင်းပိုင်တစ်ကောင်အား စစ်ဆေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယခုရက်သတ္တပတ်အတွင်း၌ စမ်းသပ်စစ်ဆေးမှု ရလဒ် များ အသင့်ရှိနေသည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက စီအန် အန်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပီရူးနိုင်ငံမြောက်ပိုင်း ဟန်တာအဂူဂျာမှ လန်ဟေကွီဒေသ အထိ ကီလိုမီတာ ၂၂၀(၁၃၇မိုင်)ရှိသော ကမ်းခြေတစ်လျှောက် တွင် လင်းပိုင်ကောင်ရေ ၈၇၇ ကောင် ကမ်းတင်သေဆုံးခဲ့ရ ကြောင်း ပီရူးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒုတိယဝန်ကြီးက ဧပြီ ၁၉ရက်တွင် ပြောကြားခဲ့သည်။

သေဆုံးခဲ့သည့်လင်းပိုင်များ၏ ၈၀ ရာခိုင်နှုန်းကျော်ကို တွေ့ရှိချိန်တွင် ၎င်းတို့မှာ ပုပ်သိုးဆွေးမြည့်မှုလွန်သည့် အခြေ အနေတွင်ရှိနေသည့်အတွက် ၎င်းတို့သေဆုံးခဲ့ရသည့်အကြောင်း ရင်းကို လေ့လာရန်ခက်ခဲသည်ဟု အန်ဒီနာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်တာနက်။



နေတိုး ထိပ်သီးဆွေးနွေးပွဲ အစ္စရေးတက်ခွင့် တူရကီငြင်းပယ်

အစ္စတန်ဘူလ် ဧပြီ ၂၃

မေလတွင်ကျင်းပမည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ထိပ်သီးဆွေးနွေးပွဲသို့ အစ္စရေးနိုင်ငံတက်ရောက်ခြင်းကို တူရကီနိုင်ငံက ငြင်းပယ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

၂၀၁၀ခုနှစ်အတွင်းက ပါလက်စတိုင်းပြည်သူများကို ထောက်ပံ့သည့်ပစ္စည်းများ တင်ဆောင်လာသော သင်္ဘောအား အစ္စရေးက စီးနင်းတိုက်ခိုက်ခဲ့ရာ တူရကီ လူမျိုးလှုပ်ရှားသူများ သေဆုံးခဲ့ရခြင်းအတွက် အစ္စရေးနိုင်ငံက တောင်းပန်ခြင်းမပြုခဲ့သောကြောင့်ဟု တူရကီတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင်ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသကို ရေတပ်ကပိတ်ဆို့ထားခြင်းအား အားဖြည့်သည့်အနေဖြင့် ပါလက်စတိုင်းအကူအညီပေးရေးသင်္ဘော မာဗီမာမားရာအား အစ္စရေးအထူး တပ်ဖွဲ့က တက်ရောက်စီးနင်းခဲ့စဉ် တူရကီလူမျိုးကိုးဦး သေဆုံးခဲ့ရာမှ ဒေသတွင်း အင်အားကြီးနှစ်နိုင်ငံအကြား ဆက်ဆံရေးမှာအခြေအနေဆိုးရွားလာခဲ့သည်။

လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက အဆိုပါသင်္ဘောစီးနင်းမှုအပေါ် ကုလသမဂ္ဂအစီရင်ခံစာထွက်ပေါ်လာရာတွင် အစ္စရေးနိုင်ငံအား တောင်းပန်မှုပြုရန် တိုက်တွန်းခြင်းမပြုခဲ့သည့်အတွက် တူရကီနိုင်ငံက အစ္စရေးသံတမန်တစ်ဦးကို တိုင်းပြည်မှနှင်ထုတ်ခဲ့ပြီး နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း ရပ်ဆိုင်းထားခဲ့သည်။ အဆိုပါထိပ်သီးဆွေးနွေးပွဲသို့ အစ္စရေးနိုင်ငံအား တက်ရောက်ခွင့်ပြုရန် နေတိုးအဖွဲ့ဝင်နိုင်ငံ အချို့က ကြိုးစားနေကြသည်ဟု တူရကီသတင်း ဌာနများက ဖော်ပြသည်။ အစ္စရေးသည် နေတိုးအဖွဲ့ဝင်မဟုတ်သော အခြားမြောက်နိုင်ငံနှင့်အတူ မြေထဲပင်လယ် ဒိုင်ယာလော့အဖွဲ့ဝင်နိုင်ငံဖြစ်သည်။**အင်တာနက်။**

ကမ္ဘာတစ်ဝန်း ရာဇဝတ်မှုလုပ်ငန်းများ နှစ်စဉ် ကန်ဒေါ်လာ ထရီလီယံနှင့်ချီ၍ အမြတ်အစွန်းရနေ

ဗီယင်နာ ဧပြီ ၂၃

ကမ္ဘာတစ်ဝန်းရှိ ရာဇဝတ်မှုအခြေခံလုပ်ငန်းများသည် အမြတ်အစွန်းအားဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ထရီလီယံနှင့်ချီ၍ ရရှိလျက်ရှိပြီး ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်း ၂၀ စာရင်းထဲ၌ အပါအဝင်ဖြစ်လာကြောင်း ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော ရာဇဝတ်မှုများ၊ အထူးသဖြင့် အုပ်စုဖွဲ့ကျူးလွန်သော ရာဇဝတ်မှုများသည် ထွန်းသစ်စ စီးပွားရေးလုပ်ငန်းများအား ခြိမ်းခြောက်နေပြီး နိုင်ငံတကာ၌ မတည်ငြိမ်မှုများ တိုးမြင့်ဖြစ်ပေါ်စေခြင်းကြောင့် တစ်ကမ္ဘာလုံးပူးပေါင်း၍ ယင်းပြဿနာကို ဖြေရှင်းကြရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး အကြီးအကဲ ယူရီဖီဒိုတော့ဗ်က တောင်းဆိုခဲ့သည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် လူမှောင်ခိုကူးမှုများ ဆက်စပ်နေသော ရာဇဝတ်မှုများ ကာကွယ်တားဆီးရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံတစ်ရပ်၌ ယူရီဖီဒိုတော့ဗ်က အထက်ပါအတိုင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်မှုအခြေခံစီးပွားရေးလုပ်ငန်းများသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ထရီလီယံကို အမြတ်အစွန်းအဖြစ် ရရှိလျက်ရှိရာ ယင်းငွေကြေးပမာဏသည် ကမ္ဘာ့စီးပွားရေးအရပ်ရပ်မှ ရရှိသည့် အမြတ်အစွန်း၏ ခုနစ်ရာခိုင်နှုန်းရှိကြောင်း ယူရီဖီဒိုတော့ဗ်က ပြောကြားခဲ့သည်။

ယင်းအပြင် ကမ္ဘာ့လူဦးရေ ၂ ဒသမ ၄ သန်းတို့သည် မည်သည့်အချိန်တွင်မဆို ခေတ်သစ်ကျွန်စနစ်ဖြစ်သည့် ကမ္ဘာတစ်ဝန်း လူမှောင်ခိုကူးမှုများ၏ သားကောင်ဘဝကျရောက်နေရဖွယ်ရှိကြောင်း ဖီဒိုတော့ဗ်က ပြောကြားခဲ့သည်။ **အင်တာနက်။**

အလာစကာကမ်းခြေရောက် ဆူနာမီရေမျောဘောလုံး မူလပိုင်ရှင်ထံပြန်ပေးမည်ဟုဆို

တိုကျို ဧပြီ ၂၃

ပျောက်ဆုံးခဲ့သော ဘောလုံးတစ်လုံးအား ပြန်လည်ရရှိသည့် အဖြစ်အပျက်မှာ ဆယ်ကျော်သက်လူငယ်အတော်များများအတွက် ဆန်းပြားလှသည့် ဖြစ်စဉ်တစ်ရပ်မဟုတ်ပေ။

သို့ရာတွင် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက် ဂျပန်ဆူနာမီ ကပ်ဘေးကြောင့် သမုဒ္ဒရာကို ဖြတ်သန်းကာ အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် ကမ်းခြေထိရောက်ရှိခဲ့သော ဘောလုံးကို ဂျပန်ဆယ်ကျော်သက် လူငယ်တစ်ဦး ပြန်ရခဲ့သည့် အဖြစ်မှာ ကြုံတောင့်ကြုံခဲဖြစ်ကြောင်း ဧပြီ ၂၃ ရက် သတင်းများတွင် ဖော်ပြသည်။

အသက် (၁၆)နှစ်အရွယ် မီဆာကီ မူရာကာမီအမည်ရှိ ဂျပန်လူငယ်တစ်ဦးသည် မတ် ၁၁ ရက် ဆူနာမီရေလှိုင်းများ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ၎င်း၏ဇာတိမြို့အား ရိုက်ခတ်ခဲ့စဉ် နေအိမ်နှင့်တကွ ပိုင်ဆိုင်သမျှပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးခဲ့ရသည်။

သို့ရာတွင် အလာစကာ ပင်လယ်ကွေ့မှ ရေမျောပစ္စည်းကောက်ယူ စုဆောင်းသူတစ်ဦး၏ ကျေးဇူးကြောင့် တစ်ချိန်က ပိုင်ဆိုင်ခဲ့ဖူးသော ဘောလုံးတစ်လုံးကို မီဆာကီမူရာကာမီအနေဖြင့် ပြန်လည်ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ဆူနာမီ ကပ်ဘေးအတွင်း မိမိပိုင်ဆိုင်သမျှအားလုံး ဆုံးရှုံးခဲ့ရာ ယခုကဲ့သို့ ဘောလုံးကို ပြန်လည်ရရှိခဲ့သည့်အတွက် ဝမ်းသာမိကြောင်း ဂျပန်လူငယ် မီဆာကီမူရာကာမီက ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ဘောလုံးကို တွေ့ရှိခဲ့သူမှာ အသက်(၅၁)နှစ်အရွယ် ဒေးဗစ်ဘက်စတားဆိုသူ အမျိုးသားတစ်ဦး**(အပေါ်ပုံ)**ဖြစ်ပြီး မစ်ဒယ်လ်တန်ကျွန်းကမ်းခြေတစ်နေရာ၌ ယင်းဘောလုံးအား တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု သမုဒ္ဒရာနှင့် လေထုလွှာစီမံခန့်ခွဲရေး အေဂျင်စီက ပြောကြားသည်။ **အင်တာနက်။**



ဥက္ကာခဲကြွေကျမှုဖြစ်စဉ်တစ်ရပ်ကို တွေ့ရစဉ်။

နေ့ဘက် ဥက္ကာခဲကြွေကျမှု အမေရိကန်၌ ဖြစ်ပွား

ရီနို ဧပြီ ၂၃

အမေရိကန်ပြည်ထောင်စု နီဗားဒါးပြည်နယ်နှင့် ကာလီဖိုးနီးယားပြည်နယ်ဒေသအနှံ့အပြား၌ ဧပြီ ၂၂ ရက် နံနက်ပိုင်းက ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ပေါ်ထွက်ခဲ့ပြီး လူနေအိမ်များ တုန်ခါမှုဖြစ်ပွားခဲ့ရာ စီရာနီဗားဒါးတောင်တန်းဒေသတစ်ဖက်တစ်ချက်ရှိ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ အရေးပေါ်ဖုန်းခေါ်ဆိုမှုများ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲသံနှင့်အတူ အလင်းတန်းတစ်ခုကိုပါ တွေ့မြင်ခဲ့ရကြောင်း ကိုယ်တွေ့ကြုံသူများက ပြောကြားခဲ့ကြသည်။

အဆိုပါပေါက်ကွဲသံနှင့် အလင်းတန်းသည် ကမ္ဘာမြေ၏ လေထုလွှာအတွင်း ဝင်ရောက်လာသော ဥက္ကာခဲတစ်ခုကြောင့် ပေါ်ပေါက်ရခြင်း ဖြစ်နိုင်ကြောင်း နက္ခတ္တဗေဒပညာရှင်များက ပြောကြားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် အပျက်အစီးနှင့် ဒဏ်ရာရရှိမှုရှိ၊ မရှိ မသိရသေးသကဲ့သို့ လျှင်လှုပ်ခတ်မှုဆိုင်ရာသတင်းများလည်း ထွက်ပေါ်ခဲ့ခြင်းမရှိပေ။

အဆိုပါဖြစ်စဉ်သည် ရှားတောင့်ရှားခဲဖြစ်ပွားသော နေ့ဘက် ဥက္ကာခဲကြွေကျမှုဖြစ်နိုင်ကြောင်း နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်တာနက်။

နှစ် ၂၀ ကျော်အထွန်းခံသည့် အယ်လ်အီးဒီမီးလုံးများ ဖိလစ်ကုမ္ပဏီ စတင်ရောင်းချ

အမ်စတာဒမ် ဧပြီ ၂၃

စွမ်းအင်ကို ထိထိရောက်ရောက် ချွေတာနိုင်ပြီး နှစ်ပေါင်း ၂၀ ကျော်အထိ အထွန်းခံသည့် အယ်လ်အီးဒီမီးလုံးများအား ဒတ်ချ်အခြေစိုက် ဖိလစ်အီလက်ထရွန်နစ် ကုမ္ပဏီက ဧပြီ ၂၂ ရက်တွင် ကျရောက်သော မြေကမ္ဘာနေ့၌ စတင်ရောင်းချခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု စွမ်းအင်ဝန်ကြီးဌာန၏ Bright Tomorrow Lighting အမည်ရှိ ဆုကို ရရှိထားသော အဆိုပါ အယ်လ်အီးဒီ မီးလုံးများကို တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၅၀ဖြင့် လက်လီအရောင်းဆိုင်များ၌ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းအယ်လ်အီးဒီ မီးလုံးများ၏ လက်ရှိဈေးနှုန်းကို တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာအထိ လျှော့ချပေးသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဖိလစ်အီလက်ထရွန်နစ်ကုမ္ပဏီက ပြောကြားခဲ့သည်။

ဖိလစ်ကုမ္ပဏီ၏ အလင်းအား ဝပ် ၁၀ ရှိ အယ်လ်အီးဒီ မီးလုံးများသည် အပူဓာတ်ဖြင့် အလင်းရောင်ထုတ်လွှတ်ပေးသော ၆၀ ဝပ် မီးလုံးများနေရာတွင် အစားထိုးအသုံးပြုနိုင်မည် ဖြစ်သည်။

ယင်းအယ်လ်အီးဒီ မီးလုံးများကို တစ်ရက်လျှင် လေးနာရီ အသုံးပြုမည်ဆိုပါက နာရီပေါင်း ၃၀၀၀၀(နှစ် ၂၀ ကျော်) အထိ အထွန်းခံမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ကုမ္ပဏီ၏ အယ်လ်အီးဒီမီးလုံးသစ်များသည် အလင်းဖြာထွက်မှု ယူနစ် ၉၄၀ ရှိပြီး အပူဓာတ်မှ အလင်းရောင်ထုတ်လွှတ်ပေးသော ဝပ် ၆၀ မီးလုံးများထက် စွမ်းအင်ကို ၈၃ ရာခိုင်နှုန်း ပိုမိုချွေတာနိုင်ကြောင်း ဖိလစ်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ကမ္ဘာပေါ်တွင် တဖြည်းဖြည်းအသုံးနည်းလာသည့် အပူဓာတ်မှ အလင်းထုတ်လွှတ်ပေးသော ဝပ် ၆၀ မီးလုံးများနေရာ၌ အစားထိုးဝင်ရောက်လာသည့် စီအက်ဖ်အယ်လ်အမျိုးအစား မီးလုံးများတွင် အဆိပ်သင့်ပြဒါးဓာတ်များ ထည့်သွင်းထားခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများရှိသော်လည်း ဖိလစ်ကုမ္ပဏီ၏ အယ်လ်အီးဒီမီးလုံးများ၌ ပြဒါးဓာတ်ပါဝင်မှုမရှိပေ။

အင်တာနက်။

စွမ်းအင်ကို ထိထိရောက်ရောက် ချွေတာပေးနိုင်သော ဖိလစ်ကုမ္ပဏီထုတ် အယ်လ်အီးဒီမီးသီးကို တွေ့ရစဉ်။

အာတိတ်သမုဒ္ဒရာမှ ဖန်လုံအိမ် အာနိသင်ရှိ မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်နိုင်

လန်ဒန် ဧပြီ ၂၃

အာတိတ်သမုဒ္ဒရာသည် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့တစ်မျိုးဖြစ်သော မီသိန်းဓာတ်ငွေ့ကို အဓိကထုတ်လွှတ်သည့် ဒေသတစ်ခုဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ဧပြီ ၂၂ ရက်တွင် တင်ပြခဲ့သည်။

မြောက်ဝင်ရိုးစွန်းဒေသ၌ လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့များ စုဖွဲ့မှုကို လေ့လာတိုင်းတာရန်အတွက် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များအတွင်း သုတေသနပညာရှင်များက လေကြောင်းခရီးစဉ် ငါးခု စီစဉ်ခဲ့ကြသည်။

လေ့လာတွေ့ရှိချက်များအရ သမုဒ္ဒရာရေမျက်နှာပြင်အနီး အထူးသဖြင့် ရေခဲပြင်များ ကျိုးပြတ်ရာဒေသများ၌ မီသိန်းဓာတ်ငွေ့ စုဖွဲ့မှုများကို တွေ့ရှိခဲ့ကြသည်။

အာတိတ်သမုဒ္ဒရာရေမျက်နှာပြင်သည် မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်ရာ အဓိကအရင်းအမြစ်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြသည်။

အာတိတ်ဒေသ၌ ကုန်းမြေအထက်တွင်မဟုတ်ဘဲ သမုဒ္ဒရာရေပြင်မှလည်း မီသိန်းဓာတ်ငွေ့များ ထွက်ပေါ်ရသည်ကို ပထမဦးဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့ပါဝင်မှုအဆင့်သည် နည်းပါးသေးသော်လည်း ယင်းဓာတ်ငွေ့များသည် နေရောင်ခြည်၏ အပူဓာတ်ကို စုပ်ယူသိုလှောင်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထက် အဆ ၂၀ ပိုသည်။ **အင်တာနက်။**

မော်ဝါဒီသူပုန်များနှင့် ပတ်သက်မှုရှိကြောင်း ပြင်သစ်နိုင်ငံသားများ စွပ်စွဲခံရ

ဒေလီ ဧပြီ ၂၃

မော်ဝါဒီသူပုန်များနှင့် ဆက်စပ်မှုရှိသော အဖွဲ့အစည်းတစ်ရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုများရှိနေကြောင်း စွပ်စွဲခံထားရသည့် ပြင်သစ်နိုင်ငံသား ၁၀ ဦးကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်မှ နှင်ထုတ်လိုက်ကြောင်း အိန္ဒိယ တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါ ပြင်သစ်နိုင်ငံသား ၁၀ ဦးအနက် ကိုးဦးတို့တွင် ကမ္ဘာလှည့်ခရီးသွားပြည်ဝင်ခွင့် ဗီဇာများပါရှိသော်လည်း ၎င်းတို့သည် မော်ဝါဒီကွန်မြူနစ်သူပုန်များ၏ အက်စ်တာပါရီရှက် အမည်ရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်နှင့် ပတ်သက်မှုများ ရှိနေကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမျိုးသမီး ခြောက်ဦးပါဝင်သော အဆိုပါ ပြင်သစ်နိုင်ငံသားများကို ပြည်ဝင်ခွင့် ဗီဇာဆိုင်ရာကန့်သတ်ချက်များအား ချိုးဖောက်မှုဖြင့် ဘီဟာပြည်နယ်မှ နှင်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြင်သစ်နိုင်ငံသားများသည် မော်ဝါဒီကွန်မြူနစ်သူပုန်များ အခြေစိုက်ရာဒေသများသို့ သွားရောက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု သံသယရှိရကြောင်း အိန္ဒိယရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မော်ဝါဒီသူပုန်များသည် အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသပြည်နယ်များ၌ အိန္ဒိယဗဟို အစိုးရနှင့် ပြည်နယ်အစိုးရများအား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် ပျောက်ကျားသူပုန်အဖွဲ့ဖြစ်သည်။

အင်တာနက်။

ပါရှန်ပင်လယ်ကွေ့၌ ပြည်တွင်းဖြစ်ရေငုပ်သင်္ဘောတပ်ဖွဲ့ အီရန်ဖွဲ့စည်းတည်ဆောက်နေ

တီဟီရန် ဧပြီ ၂၃

အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အနောက်အုပ်စု မဟာမိတ်နိုင်ငံများနှင့် စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှု ပေါ်ပေါက်လာပါက ဟော်မုဇ်ရေလက်ကြားအား ပိတ်ဆို့ရန် အခြေခံအင်အားစုအဖြစ် ပြည်တွင်းဖြစ် ရေငုပ်သင်္ဘောတပ်ဖွဲ့ကို အီရန်နိုင်ငံက တည်ဆောက်နေကြောင်း ဧပြီ ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကပင် စတင်ဖွဲ့စည်းတည်ဆောက်နေခဲ့သော အီရန်ရေငုပ်သင်္ဘောတပ်ဖွဲ့တွင် တော်ပီဒိုလက်နက်များနှင့် ရေမြှုပ်မိုင်းများ တပ်ဆင်ထားပြီး ဟော်မုဇ်ရေလက်ကြားအား ပိတ်ဆို့နိုင်ရေးအတွက် အရေးပါမည့် အင်အားစုတစ်ရပ် ဖြစ်လာမည်ဟု ယူဆရကြောင်း သတင်းများအရ သိရသည်။

အီရန်ရေတပ်၏ ပြည်တွင်းဖြစ် ရေငုပ်သင်္ဘော အငယ်စားများကို တွေ့ရစဉ်။

အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်ကို အကြောင်းပြု၍ အီရန်၏ ရေနံပို့ကုန်များအား အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက ပိတ်ပင်ခဲ့လျှင်၊ အမေရိကန် သို့မဟုတ် အစ္စရေးနိုင်ငံက အီရန်ကို တိုက်ခိုက်လာခဲ့လျှင် ပါရှန်ပင်လယ်ကွေ့သို့ အဝင်အထွက်လုပ်ရာ တံခါးဝဖြစ်သော ဟော်မုဇ်ရေလက်ကြားအား ပိတ်ဆို့မည်ဖြစ်ကြောင်း အီရန်က ခြိမ်းခြောက်ထားသည်။

အနောက်အုပ်စုစစ်ရေး အကဲခတ်များ၏ ခန့်မှန်းချက်အရ အီရန်ရေတပ်နှင့် အစ္စလာမ့်တော်လှန်ရေး အစောင့်တပ်ဖွဲ့ ရေတပ်များသည် ရေငုပ်သင်္ဘော ၂၅ စင်း ဝန်းကျင်ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၏ ရေငုပ်သင်္ဘောများကို ကာကွယ်ရေးဝန်ကြီးဌာနက ထိန်းချုပ်ထားသော ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုဆိုင်ရာ ကုမ္ပဏီများ ပူးပေါင်းထားသည့် နိုင်ငံပိုင် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းအဖွဲ့ချုပ်က တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

အီရန်ရေငုပ်သင်္ဘောများသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ငါးပုံတစ်ပုံအား နေ့စဉ်ဖြတ်သန်းသယ်ဆောင်ရာတွင် အသုံးပြုသော ဟော်မုဇ်ရေလက်ကြား နိုင်ငံတကာရေလမ်းကြောင်းနှင့် အနောက်အုပ်စု စစ်သင်္ဘောများအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနိုင်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

သောက်ပါ့မယ် ပျောက်တော့တီဘီရယ်

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး)

(ယမန်နေ့မှအဆက်)

မေမေပိုပို။ ။အဲဒါတွေစစ်ထားလို့ ဆေးစစ်ချက်အဖြေတွေ မကောင်းဘူးဆိုရင် ဆေးမတိုက်ရတော့ဘူးလား။ ကောင်းတယ်ဆိုရင်ရော စိတ်ချရမှာလားကွယ့်။

ကျွန်တော်ဆရာဝန်။ ။ အသည်းတို့၊ ကျောက်ကပ်တို့ကို စစ်လိုက်လို့ ကောင်းနေတယ်ဆိုရင် စိတ်ချရပြီဆိုပြီး တစ်ထစ်ချမှတ်လို့တော့မရဘူး။ ဆေးသောက်တဲ့အခါမှာ ဆိုးကျိုးတွေပေါ်လာတာလည်းရှိနိုင်တဲ့အတွက် တစိုက်မတ်မတ်စောင့်ကြည့်ကုသခြင်းသာလျှင် ကောင်းပါတယ်။ တကယ်လို့ အသည်းတို့၊ ကျောက်ကပ်တို့မှာ ရောဂါရှိနေရင်လည်း တီဘီရောဂါဖြစ်နေပြီးသားဖြစ်တဲ့အတွက် တီဘီဆေးကတော့ တိုက်ကိုတိုက်ရမှာဖြစ်ပါတယ်။ ဆေးတိုက်နေစဉ်ကာလမှာ အသည်းတွေ၊ ကျောက်ကပ်တွေ ထိခိုက်မှုရှိ မရှိဆိုတာကို ပိုပြီးတော့ ဂရုတစိုက်ကြည့်ပေးရမှာပေါ့။ လိုအပ်ရင် လိုအပ်သလို ဆေးကုထုံးပြောင်းပေးရတာလည်း ရှိတတ်ပါတယ်။ ဒါတွေကတော့ တီဘီရောဂါကုနေတဲ့ဆရာဝန်တွေ လုပ်ဆောင်ရမယ့်အချက်ပဲဖြစ်တယ်။ လူနာတွေအနေနဲ့ကလည်း တီဘီဆေးသောက်နေတဲ့ ကာလအတွင်းမှာ ထူးခြားမှုတွေရှိခဲ့မယ်ဆိုရင်၊ မခံနိုင်ဘူးဆိုရင်၊ ဆေးမတည့်ဘူးဆိုရင် အချိန်နဲ့တစ်ပြေးညီ မိမိကိုကုနေတဲ့ဆရာဝန်ကို အကြောင်းကြားသတင်းပို့ရမှာဖြစ်ပါတယ်။ တီဘီဆေးတွေရဲ့ သဘောကတော့ စောစောကပြောတဲ့ side effect တွေက ရှိနေမှာပဲလေ။ တစ်ဦးနဲ့တစ်ဦး ခံစားမှုချင်းမတူသလို တုံ့ပြန်တာတွေ မတူကြဘူးပေါ့။ တချို့မှာတော့ ဆေးစသောက်ခါစမှာ ရင်ပူတာ၊ အစားပျက်တာတို့ ဖြစ်တတ်ပါတယ်။ တချို့မှာလည်း ဆေးတွေနဲ့ မတည့်တဲ့ Allergic Reaction တွေဖြစ်တတ်သေးတယ်။ Allergic Reaction ဖြစ်ရင် ဒီဆေးငါးမျိုးထဲက ဘယ်ဆေးနဲ့မတည့်တာလဲဆိုတာကို ဂရုတစိုက် ပြန်ပြီးစစ်ရသေးတယ်။ ဆေးတစ်မျိုးချင်းစီကို တစ်မျိုးပြီးတစ်မျိုး ပြန်ပေးကြည့်ရတယ်။ ပြန်စမ်းကြည့်ရတယ်။ တည့်တဲ့ဆေးတွေကို သင့်တော်သလို ပြန်လည်ပြီးတိုက်ကျွေးရသေးတယ် မမရဲ့။

မေမေပိုပို။ ။ အေးကွယ်၊ ကုသရတာတော့ ရှုပ်သား၊ တကယ်လို့ အကြောင်းအမျိုးမျိုးကြောင့် မတည့်လို့သော်လည်းကောင်း၊ မခံနိုင်လို့သော်လည်းကောင်း၊ ဒါမှမဟုတ် သောက်တဲ့သူကပျက်ကွက်ပြီး သူ့ဘာသာသူဆုံးဖြတ်လို့သော်လည်းကောင်း ဆေးကိုဆေးပတ်လည်အောင်မသောက်ဘဲ စောစောစီးစီးရပ်ခဲ့တယ် ဆိုပါစို့ကွယ်။ အဲဒီတော့ ဘာဖြစ်နိုင်လဲကွယ့်။

ကျွန်တော်ဆရာဝန်။ ။ ဆေးကို ဆေးပတ်လည်အောင် မသောက်ခဲ့ရင်၊ ဒါမှမဟုတ် ဆေးကိုဆေးချိန်မမီဘဲလျှော့သောက်ခဲ့မယ်ဆိုရင် သေချာပေါက် တီဘီရောဂါနောက်တစ်ကြိမ်ပြန်ဖြစ်မှာပါ။ ပြန်ဖြစ်ရုံတင်မကဘဲ ကုလို့ရတဲ့၊ ဆေးတိုးတဲ့ တီဘီကနေ ကုလို့မလွယ်တဲ့၊ ဆေးမတိုးတဲ့၊ ဆေးယဉ်ပါးတဲ့ တီဘီအထိ ဖြစ်သွားနိုင်တယ်။

မေမေပိုပို။ ။ အမယ်လေး၊ ကြောက်စရာပါလားကွယ်။ ကဲ ဒါဆိုရင် သေသေချာချာ သောက်ပြီဆိုပါစို့။ ဆရာဝန်ညွှန်းတဲ့အတိုင်း အချိန်အဆမှန်မှန်၊ နေ့စဉ်အချိန်မှန်မှန် ဆေးပတ်လည်အောင် သောက်တယ်ဆိုရင် ပျောက်မယ်လို့ အာမခံနိုင်သလားကွယ့်။

ကျွန်တော်ဆရာဝန်။ ။ မမကလည်း မေးတတ်ပြန်တယ်နော်။ ဖြေတဲ့သူတောင် တော်တော်ကြောက်လာပြီ။ သိပ္ပံနည်းကျတိတိကျကျပြောရမယ်ဆိုရင် တီဘီရောဂါရှိသူအယောက် ၁၀၀ ဆေးမှန်မှန်သောက်တယ်ဆိုပါစို့။ အယောက် ၁၀၀ လုံး ပျောက်ဖို့မလွယ်ပါဘူး။ သုံး၊ လေးယောက်လောက်ရောဂါမပျောက်ဘဲရှိနိုင်တယ်။ တီဘီရောဂါပြန်ဖြစ်တာဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် တီဘီပိုးတွေမှာ ကနဦးကတည်းကိုက ဆေးကိုယဉ်ပါးပြီးသားဖြစ်နေတတ်လို့ပါပဲ။ အထူးသဖြင့် မိမိကို ကူးစက်ထားတဲ့တီဘီပိုးဟာ အခြားဆေးမတိုးတဲ့၊ ဆေးယဉ်ပါးတဲ့လူနာဆီကနေရတဲ့ပိုး ဖြစ်နေခဲ့မယ်ဆိုရင် ကုရတာပိုခက်မှာပါ။ ရောဂါမပျောက်တဲ့ ရာခိုင်နှုန်းပိုများမှာပါ။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်၊ ဒါဆို တီဘီဆေးကို ပြည့်ဝအောင်မသောက်ဘဲ စောစောရပ်လိုက်မယ်ဆိုရင် မပျောက်ဘဲ ပြန်ဖြစ်မယ့်နှုန်းက ပိုများမှာပေါ့နော်။

ကျွန်တော်ဆရာဝန်။ ။ ဟာ သိပ်မှန်တာပေါ့ သမီးရယ်။ စောစောဖြတ်လေ ပြန်ဖြစ်ဖို့ ရာနှုန်းပိုများလေပဲကွယ့်။ ဆေးတွေလျှော့သောက်မယ်ဆိုရင်လည်း ဆေးတွေ ယဉ်ပါးပြီး ကုမရဘူးဖြစ်မှာနော်။

မေမေပိုပို။ ။အဲဒါဆိုရင် ဒီလိုမဖြစ်အောင် တစ်စုံတစ်ယောက်က ကြပ်ကြပ်မတ်မတ် တိုက်ပေးဖို့ လိုနေမှာပေါ့။

ကျွန်တော်ဆရာဝန်။ ။သိပ်မှန်တာပေါ့ မမရေ၊ လူနာက လူနာကိုယ်တိုင်သောက်ခွင့်ရရင် ဆေးလျှော့သောက်တာ ရှိနိုင်တယ်။ ဒါကြောင့်မို့ သူ့သဘောနဲ့သူ သောက်မယ့်အစား တစ်စုံတစ်ယောက်ကနေပြီး ကြပ်ကြပ်မတ်မတ် တိုက်ပေးစေချင်တာ။ ဖြစ်နိုင်ရင်တော့ ကျန်းမာရေးဝန်ထမ်းကနေစောင့်ကြည့်ပြီး တိုက်စေချင်တာ။ ကျန်းမာရေးဝန်ထမ်းရှေ့မှာတင်ပဲ ဆေးကိုချက်ချင်းသောက်သွားတာမျိုး၊ နေ့တိုင်းမှန်မှန်လာသောက်နေတာမျိုး ဖြစ်အောင်လုပ်တာကို DOTS (Directly Observed Treatment Strategy)လို့ခေါ်ပါတယ်။ ဒါပေမယ့် ဒီလိုလုပ်ဖို့ကျတော့ ကျန်းမာရေးဝန်ထမ်းအင်အားအများကြီးလိုပြန်တယ်လေ။ ကျွန်တော့်ဆီမှာတော့ လူမှုရေးအဖွဲ့အစည်းတွေ တာဝန်ယူလုပ်ဆောင်ပေးကြတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ကြိုးကြပ်တယ်။ မမတို့လို လူနာရှင်မိဘတွေက ကြီးကြပ်ပေးတယ်။ ဒါကြောင့်မို့လို့ ဒီလို DOTS နည်းသုံးခြင်းအားဖြင့် လူနာက ဆေးမသောက်ဘဲ သူ့သဘောနဲ့သူ လုပ်လို့မရတော့ဘူးပေါ့။ ဒီအခါ ပျောက်ကင်းတဲ့ရာခိုင်နှုန်းက ပိုပြီးမြင့်တက်လာတယ်လေ။

မေမေပိုပို။ ။ ကဲ တကယ်လို့ ခရီးထွက်စရာရှိတာတို့၊ နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်တာတို့၊ သင်္ဘောသားလုပ်တာတို့ဆိုရင်ရောကွယ်။

ကျွန်တော်ဆရာဝန်။ ။ ဒီအချက်တွေမှာတော့ ခြွင်းချက်တွေရှိတာပေါ့။ လူနာက ရောဂါကုထုံးအကြောင်းနားလည်ရမယ်လေ။ မိမိကိုယ်ကိုကောင်းဖို့အတွက် မိမိကြိုးစားပြီးသောက်ရတာပဲ မဟုတ်လား။ ဒီ့ပြင်ခံယူချက်တစ်ခုလည်းရှိသင့်ပါသေးတယ်။

မေမေပိုပို။ ။ ဘာခံယူချက်များလဲကွယ့်။

ကျွန်တော်ဆရာဝန်။ ။ မမရေ၊ တီဘီရောဂါဆိုတာက ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်နေတဲ့ရောဂါတစ်ခုဖြစ်တယ်။ တီဘီရောဂါဝေဒနာရှင်တစ်ယောက်ဟာ တီဘီဆေးသောက်တဲ့နေရာမှာ အဓိကရည်ရွယ်ချက်နှစ်ခုရှိတယ်လို့ မှတ်ယူရမယ်။ ပထမတစ်ချက်ကတော့ မိမိရဲ့ ကျန်းမာရေးပေါ့။ အဓိကအကျဆုံးပါပဲ။ ဒီဆေးသောက်မှ မိမိကျန်းမာမှာလေ။ နောက်ဒုတိယအချက်ကလည်း လျှော့မတွက်နဲ့။ အရေးကြီးတာပဲ။ အဲဒါက ပြည်သူ့ကျန်းမာရေးဖြစ်တယ်။ တီဘီရောဂါဟာ ရောဂါရှိတဲ့သူတစ်ယောက်တည်းကို ဒုက္ခပေးတာမဟုတ်ဘူး။ ရောဂါရှင်ရဲ့ ပတ်ဝန်းကျင်၊ မိသားစု၊ အနီးအနားမှာရှိတဲ့ ပြည်သူအားလုံးကို ကူးစက်နိုင်သေးတယ်လေ။ ရောဂါသည်တစ်ယောက်ဟာ ဆေးကိုမှန်မှန်ကန်ကန်မသောက်ခဲ့ဘူးဆိုရင် မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူလူထုကို ကူးစက်နိုင်တယ်။ တစ်ယောက်ကနေ အများ၊ လူနာတစ်ဦးမှသည် လူနာအများဆီသို့ ဖြစ်သွားမှာပေါ့။ တီဘီရောဂါထိန်းချုပ်တာ မလွယ်တော့ဘူး ဖြစ်သွားမယ်။ တကယ်လို့သာ မှန်မှန်ကန်ကန်သောက်ခဲ့မယ်ဆိုရင် သူတစ်ပါးကို ကူးစက်နိုင်ဖို့မရှိတော့ဘူးလေ။ ဒါကြောင့်မို့လို့ ဒုတိယအချက်ကလည်း အရေးကြီးတယ်လို့ဆိုတာပါ။ ကိုယ်တိုင်လည်း ရောဂါပျောက်စေ၊ သူတစ်ပါးကိုလည်း ရောဂါမရောက်စေဖို့ မေတ္တာ၊ စေတနာထားပြီးတော့ သောက်သုံးကြ၊ ကုသကြရမှာဖြစ်ပါတယ်။

မေမေပိုပို။ ။ဒါဆိုရင် တီဘီရောဂါဖြစ်နေတဲ့သူတွေကို ကျောင်းသွားတာ၊ အလုပ်လုပ်တာနဲ့ လူမှုရေးကိစ္စတွေမှာ လှုပ်ရှားပါဝင်တာကိုရော ခွင့်ပြုလို့ရပါ့မလားကွယ်။ ကူးကုန်မှာပေါ့။

ကျွန်တော်ဆရာဝန်။ ။မမရေ၊ တီဘီရောဂါက အဲဒီလောက်ကြီးလည်း သဘောမဆိုးလှပါဘူး။ ရောဂါသည်ကို တီဘီဆေးစတိုက်လို့ နှစ်ပတ်ကနေ တစ်လလောက်ကြာသွားပြီးပြီဆိုရင် ရောဂါလက္ခဏာတွေ အတော်ကြီးသက်သာလာတယ်။ သမီးကဲကဲတို့လိုပေါ့။ တစ်ချိန်တည်းမှာ သူတစ်ပါးကို ကူးစက်ဖို့အခွင့်အလမ်းလည်း အလွန့်အလွန်နည်းသွားပါတယ်။ ဒါကြောင့် ဆေးကို မြန်မြန်စသောက်လိုက်ဖို့က အရေးကြီးပါတယ်။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်၊ အဲဒီလိုမျိုးသွားသွားလာလာနေမယ်ဆိုရင် နှာခေါင်းစည်းကို စည်းထားဖို့လိုတာပေါ့နော်၊ စောစောက သမီးကဲကဲစည်းထားသလိုပေါ့။

ကျွန်တော်ဆရာဝန်။ ။သိပ်ကိုမှန်ပါတယ်။ လူနာအနေနဲ့ချောင်းဆိုးတာ၊ နှာချေတာ၊ အော်ဟစ်ပြောဆိုတာမျိုးတွေရှိခဲ့ရင် သူ့ရဲ့ ထွက်သက်လေထဲမှာ တီဘီပိုးတွေပါသွားတယ်။ သူတစ်ပါးကို လွယ်လွယ်ကူးနိုင်တာပေါ့။ လူနာက နှာခေါင်းစည်းကို စည်းလိုက်ရင် တီဘီပိုးတွေ လေထဲမထွက်နိုင်တော့ဘူး။ သူတစ်ပါးကို မကူးနိုင်တော့ဘူးပေါ့။ ဒါကြောင့်မို့ လူနာတွေကို ဦးတို့က နှာခေါင်းစည်းကို တပ်ပေးရတာ။ နှာခေါင်းစည်း မစည်းချင်ရင်လည်း လက်ကိုင်ပဝါနဲ့ နှာခေါင်း၊ ပါးစပ်တို့ကို အုပ်ပြီးတော့မှ ချောင်းဆိုးတာ၊ နှာချေတာလုပ်ရတယ်ကွယ့်။ မိမိသုံးပြီးသားလက်ကိုင်ပဝါကိုလည်း ကောင်းစွာလျှော်ဖွပ်သန့်စင်ပြီးနေရောင်နှင့် လုံလောက်စွာ ထိတွေ့ခြောက်သွေ့စေပြီးမှ ပြန်အသုံးပြုရတယ်။

မေမေပိုပို။ ။ကဲ ဆရာဝန်ကြီးရေ၊ အိမ်မှာနေရင်ရော ဘယ်လိုလုပ်ရမှာတုံး။ တစ်ယောက်နဲ့တစ်ယောက် အကုန်ကူးကုန်တော့မှာပေါ့။

ကျွန်တော်ဆရာဝန်။ ။ တီဘီရောဂါသည်ကတော့ မိမိအိမ်သားတွေနဲ့အတူနေနေမှာပဲလေ။ အိမ်သားတွေမကူးအောင် စောစောကပြောတဲ့ ပြည်သူ့နီတိကျင့်ဝတ်တွေကို လူနာက လိုက်နာရမှာပေါ့။ ဒီ့ပြင်ကို အိမ်မှာလည်း လေကောင်းလေသန့်ရဖို့၊ လေဝင်လေထွက်ကောင်းဖို့၊ အိမ်ပြတင်းတံခါးတွေကို ဖွင့်ထားဖို့ လိုပါတယ်။ နေရောင်ခြည်လည်း ကောင်းကောင်းရသင့်တယ်။ လူနာအနေနဲ့လည်း သလိပ်ကို စစ်ဆေးဖို့ သလိပ်ထုတ်တဲ့အခါ လူအများကြားမှာ မလုပ်ရပါဘူး။ အဆောက်အအုံရဲ့ အပြင်ဘက်၊ လဟာပြင်လိုနေရာမျိုးမှာသာလျှင် သလိပ်ကို ဟပ်ထုတ်သင့်ပါတယ်။ သလိပ်ခွက်ကိုလည်း ပြီးစလွယ်မထားရပါဘူး။ အဖုံးဖုံးထားရပါမယ်။ သလိပ်ကို စွန့်ပစ်မယ်ဆိုရင်လည်း အိမ်သာကျင်းထဲစွန့်ပစ်တာမျိုးလို စနစ်တကျစွန့်ပစ်ရပါမယ်။

မေမေပိုပို။ ။ တချို့ကပြောတယ်။ အိုးတွေ၊ ပန်းကန် ခွက်တွေ သီးသန့်ခွဲပြီး စားရမယ်တဲ့။ အဲဒါ ဟုတ်သလား။

သမီးကဲကဲ။ ။မေမေကလည်း ဒါက အစားအသောက်ကတစ်ဆင့်ကူးတဲ့ ရောဂါမှ မဟုတ်တာ။ လေကတစ်ဆင့်ကူးတဲ့ရောဂါဖြစ်လို့ ခွဲစားစရာမလိုပါဘူး။ ဟုတ်တယ် မဟုတ်လား ဦးဦးဆရာဝန်။

ကျွန်တော်ဆရာဝန်။ ။သမီးကဲကဲက ရာနှုန်းပြည့်မှန်ပါတယ်။ လေကနေတစ်ဆင့်ကူးတာဖြစ်တဲ့အတွက် စောစောကပြောသလို နှာချေ၊ ချောင်းဆိုး၊ အော်ဟစ်ပြောဆိုရာကနေ ကူးနိုင်တာ၊ နှာခေါင်းစည်း စည်းလိုက်ရင် လုံခြုံသွားပြီ။ ချောင်းဆိုးရင် နှာခေါင်း၊ ပါးစပ်ကို လုံအောင်ဖုံးပြီး ဆိုးလိုက်ရင် ကူးစက်မှုမရှိနိုင်တော့ဘူး။ သလိပ်တွေ၊ တံတွေးတွေကို စည်းမဲ့ကမ်းမဲ့ မလုပ်တော့ဘူးဆိုရင် ဒီရောဂါပျံ့နှံ့မှု မရှိနိုင်တော့ဘူး။ အိုး၊ ခွက်၊ ပန်းကန် ခွဲစားတာဟာ မှားနေတဲ့ အယူအဆတစ်ခုဖြစ်ပြီး လူနာကို စိတ်ဓာတ်ကျစေတယ်လေ။ လူနာအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ပါ ကရိကထများပြီး အကျိုးမရှိတဲ့ အမူအကျင့်တစ်ခုလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်၊ သမီးက ဆေးတွေ အများကြီးသောက်နေရတာ၊ သမီးကြိုက်တဲ့ အစားအစာတွေ များများစားရမှာမဟုတ်လား။ မေမေတို့က ဟိုအစာမစားနဲ့၊ ဒီအစာပိုစားဆိုပြီး သမီးစားချင်တာမစားရဘဲ မစားချင်တာတွေ စားခိုင်းနေတယ်။ လုပ်ပါဦး။

ကျွန်တော်ဆရာဝန်။ ။တီဘီရောဂါနဲ့ ပတ်သက်လို့ကတော့ အစားအသောက်ရှောင်စရာမလိုဘူးလေကွယ်။ သမီးလည်း ကြိုက်တာစားနိုင်ပါတယ်။ အားရှိနိုင်တဲ့အစာ၊ အာဟာရဖြစ်တဲ့အစာတွေ စားရင်တော့ ပိုကောင်းတာပေါ့။ ခံတွင်းလည်းကောင်းမယ်၊ အာဟာရလည်းပြည့်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲပေါ့။ ဒီအချက်တော့ လိုက်လျောပေးလိုက်ပါ မမရယ်။

မေမေပိုပို။ ။ အမလေး ငါ့မှာလည်း လိုက်လျောရမယ့်အချက်တွေ အများကြီးပါပဲလား။ ဆေးလည်း အချိန်မှန်မှန် တိုက်ရသေးတယ်။ အစားအသောက်လည်း သူကြိုက်တာတွေကို ကောင်းကောင်းကျွေးရဦးမယ်။ သူတစ်ပါးကို မကူးစက်အောင် အိမ်မှာ လေတို့၊ နေတို့ ကောင်းကောင်းရအောင်လည်း လုပ်ပေးရဦးမယ်။ အလုပ်တွေများလှချည်လားကွဲ့။

ကျွန်တော်ဆရာဝန်။ ။ဟုတ်တယ် မမရေ။ နိုင်ငံတော်ကလည်း တီဘီဆေးတွေကို အခမဲ့ပံ့ပိုးပေးနေတာတွေ ကြည့်ဦးလေ။ တာဝန်ကိုယ်စီရှိကြသည်ပေါ့။ လူနာရယ်၊ လူနာရှင်ရယ်၊ ကျန်းမာရေးဝန်ထမ်းတွေရယ်၊ နိုင်ငံတော်ရယ် အားလုံးက တက်ညီလက်ညီနဲ့ လုပ်နေကြမှ တီဘီရောဂါဆိုးကြီးက လျော့နည်းပပျောက်သွားမှာလေ မမရဲ့။ ကဲ သမီးကဲကဲတို့ ဦးဆီရောက်နေတာကြာနေပြီ။ ဗိုက်ဆာကြရောပေါ့။ မုန့်ကျွေးပါ့မယ်ကွယ့်။ မုန့်မကျွေးခင် သမီးကဲကဲကို မေးရမယ်။ တီဘီ ဆေးဆက်သောက်မှာလား။ ဒါမှမဟုတ်ရင် ဆေးကိုရပ်တော့မှာလား။ ဒါမှမဟုတ်ရင် ဆေးသောက်ခါနီးတိုင်း ဂျီကျနေဦးမှာလား။

သမီးကဲကဲ။ ။ ဦးဦးဆရာဝန်ရေ၊ ဒီရောက်ပြီးလို့ ဒီလောက်ကြီး ပြောဆိုနေပြီးမှတော့ တီဘီကုထုံးအကြောင်း တော်တော်သဘောပေါက်သွားပါပြီ။ စောစောက ပြောဆိုနေတုန်းမှာပဲ သမီးဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပါပြီ။

ကျွန်တော်ဆရာဝန်။ ။သမီးရဲ့ဆုံးဖြတ်ချက်က. . .။

သမီးကဲကဲ။ ။"သောက်ပါ့မယ်။ ပျောက်တော့ တီဘီရေ. . ."

မေမေပိုပို။ ။ အမလေးဟဲ့၊ မင်းနဲ့တွေ့တော့မှပဲ အဆင်ပြေတော့တယ်၊ မောင်လေး ဆရာဝန်ရေ။

ကျွန်တော်ဆရာဝန်။ ။ကိုယ့်တာဝန်ကိုယ်ယူတတ်တဲ့ သမီးကဲကဲကို ဦးဦးက ဂုဏ်ယူပါတယ်ကွယ်။ သမီးလေး ရောဂါပျောက်ကင်းနိုင်ပါစေ။

ပြတ်သားသောကတိ၊ မှန်ကန်သောဆုံးဖြတ်ချက်၊ တိကျသောရည်မှန်းချက်များဖြင့် ပြည့်နေသော လူနာတစ်ဖြစ်လည်း သမီးကဲကဲကို တာဝန်ကျေသူ လူနာရှင်လူနာ့မိခင် မေမေပိုပိုနဲ့ ကျွန်တော်ဆရာဝန်တို့က တီဘီရောဂါ ပျောက်ကင်းပါစေကြောင်း ဆုတောင်းပေးလျက်. . .။ ။

ကြေးမုံသို့ ပေးစာ

စေတနာသမ္မာအာဇီဝ

ဖတ်စရာ မှတ်စရာ အများအပြား ပါသော ဧပြီ ၂၂ ရက်ထုတ် ကြေးမုံ သတင်းစာတွင် စာရေးသူမောင်လှိုင်၏ "ပြောမဆုံးပေါင် တောသုံးတောင်"၌ တစ်တောင်သာသာ ကျယ်သော ကားအတွင်း လူသွားလမ်းမှတိုးအထွက် ကျွတ်လုလုပုဆိုးခါးပုံစကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆင်းခဲ့ရသည်။ အမျိုးသမီးအချို့မှာ အင်္ကျီကြယ်သီး ပြုတ်ထွက်သဖြင့် လက်ဖြင့်ဖိကာ ရှက်ရှက်ဖြင့် ခေါင်းငုံ့ဆင်းသွားရကြောင်း ဖော်ပြထားသည်။

ဦးဟန်ညွှန့်(ဥပဒေ)၏ "စားသုံးသူကို စာနာပါ" ကျန်းမာရေးအသိပညာပေးမှတ်စုတွင် ဖက်ဖြင့်ထုပ်ထားသော ငါးချဉ်ထုပ်ကိုဖြေကြည့်မှ ပိုးကောင်များ တွယ်နေတတ်ခြင်း၊ လက်ဖက်ထုပ်ထဲမှ ယမ်းစိမ်းနံ့ထွက်လာခြင်း၊ စည်သွတ်ဘူးအတွင်းမှ ငါးသေတ္တာအပုပ်၊ လက်ဆောင်ခြင်းထဲမှ ရက်လွန်စားစရာပစ္စည်းမျိုးစုံ၊ အရက်အတု၊ ဆေးဝါးအတုများအကြောင်း တင်ပြထားသည်။

ခင်လပြည့်ဝန်း၏ "နေရာတိုင်းမှာ သူ့မျက်နှာ"၌ ဟင်းသီးဟင်းရွက်၊ သစ်သီးသာမက ဘုရားတင်သည့် ပန်းတောင်မှ ဆိုးဆေးမလွတ်ကင်းနိုင်ပုံ၊ ဆိုးဆေးကြောင့် ရုတ်တရက် အန္တရာယ်မဖြစ်တောင်မှ အစားအသောက်တွင်သုံးသည့် ဆိုးဆေးမဟုတ်ခဲ့ပါက ကင်ဆာရောဂါလို ရောဂါဆိုးကြီးများ စွဲကပ်နိုင်ပြီး ခန္ဓာကိုယ်အတွင်းအင်္ဂါများ ပျက်စီးချို့ယွင်းသွားနိုင်ကြောင်း ရေးသားဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။

ကိုယ့်အတ္တအကျိုး တစ်ခုတည်းကို မကြည့်ဘဲ မိမိနှင့်ဆက်ဆံဆောင်ရွက်ရသော လူအများကို စေတနာထားရှိရေးအတွက် စာရေးသူများက တင်ပြသွားကြသည်။ စေတနာဟုဆိုရာတွင် ကောင်းမြတ်သော စေတနာရှိသလို ဆိုးယုတ်သောစေတနာလည်း ရှိသည်။ ဖြူစင်သောစေတနာရှိသလို မည်းညစ်သော စေတနာလည်း ရှိသည်။ အလုပ်တစ်ခုသည် စေတနာကောင်းဖြင့် လုပ်သော အလုပ်ဖြစ်နိုင်သလို စေတနာဆိုးဖြင့်လုပ်သော အလုပ်လည်းဖြစ်နိုင်သည်။ သို့တည်းမဟုတ် စေတနာမပါဘဲ လုပ်သော အလုပ်လည်းဖြစ်နိုင်သည်။

သို့ပါ၍ အများနှင့်သက်ဆိုင်သော အလုပ်များကို လုပ်ဆောင်ရာ၌ လုပ်ကိုင်သူအနေဖြင့် ကောင်းမွန်သော စေတနာထားရှိပါက လူအများစိတ်ချမ်းသာမည်။ မိမိလည်း စီးပွားတိုးတက်မည်။ ကုသိုလ်လည်းရ စီးပွားလည်းဖြစ်မည်။ အရာရာတွင် စေတနာထား၍ အတ္တပရမ္ဗတစ္စာ ပြုမူလုပ်ကိုင်ကြပါလျှင် လောကအကျိုးဆပွားတိုး၍ အများသူချမ်းသာစေကြောင်း သမ္မာအာဇီဝ အသက်မွေးမှုများပင်ဖြစ်ရာ ကြေးမုံ ဖတ်စရာ မှတ်စရာများမှ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်အကြောင်းအရာများကို ပြန်လည်သုံးသပ် တင်ပြလိုက်ရပါသည်။

ကျော်အောင်ဝင်း (သာကေတ)

စစ်တောင်းမြစ်အတွင်း ရေနည်းပါးချိန် အပူရှိန်ကြောင့် ငါးဖမ်းဆီးရမိမှုလျော့နည်းလာ

ရေတာရှည် ဧပြီ ၂၃

မြောက်မှတောင်သို့ ကွေ့ဝိုက်စီးဆင်းလျက်ရှိသော စစ်တောင်းမြစ်သည် နှစ်ပေါင်းများစွာကပင် မြစ်ဝှမ်းဒေသတစ်လျှောက် မှီတင်းနေထိုင်ကြသူများအတွက် လယ်ယာ၊ ကိုင်း၊ သီးနှံများစိုက်ပျိုးခြင်းတို့အပြင် မြစ်ကြောင်းတစ်လျှောက် ခရီးအသွားအလာ သယ်ယူပို့ဆောင်ခြင်းတို့ကို များစွာအကျိုးပြုလျက်ရှိသည်။ ထို့အပြင် စစ်တောင်းမြစ်အတွင်း ငါးရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် တံငါသည်တို့အတွက် ဘဝဝမ်းစာရှာဖွေရာ စားကျက်ရေမြေဖြစ်ခဲ့သည်။ နှစ်ကာလ ရွေ့လျားလာသည်နှင့်အမျှ စစ်တောင်းမြစ်အတွင်း ရေစီးရေလာပြောင်းလဲခြင်းကြောင့် ရေစီးကြောင်း နေ့ကွေးပြီး နုန်းပို့ချမှုများပြားလာခြင်း ၊ သဲသောင်များ ပိုမိုဖြစ်ထွန်းလာခြင်းတို့အပြင် နွေရာသီ ရေနည်းပါးချိန်တွင် အပူချိန်ကြောင့် သားငါးဖမ်းဆီးရမိမှု လျော့နည်းလာခဲ့ရကြောင်း တံငါသည်များက ပြောပြသည်။ ငါးရှာဖွေကြသည့် တံငါသည်များသည် နယ်မြို့အသီးသီးရှိ စျေးကွက်အတွင်းသို့ ငါးမျိုးစုံနှင့် ပုစွန်တုပ်တို့ကို လတ်လတ်ဆတ်ဆတ် ရောင်းချနိုင်ပြီး တစ်ခါတစ်ရံ အလေးချိန် ၁၀ ပိဿာကျော်အထက်ရှိ ငါးကြီးများလည်း ဖမ်းဆီးရမိလေ့ရှိသည်။ ယခုနောက်ပိုင်းတွင် သားငါးဖမ်းဆီးရမိမှု လျော့ကျလာခဲ့ရပြီး အခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကြသည်များလည်းရှိသည်ဟု သိရသည်။ (၅၇၈)

❖ **ကျောဖုံးမှ**

သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပုဂ္ဂလိကတို့ ပူးပေါင်း၍သော်လည်းကောင်း၊ ပုဂ္ဂလိကမှသော်လည်းကောင်း စက်ရုံတည်ထောင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း။

ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့မှ ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော စက်မှုတွင်းထွက်ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်ကို ထုတ်လုပ်ရရှိနိုင်သည့် အခြေအနေရှိပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၎င်းဒေသအတွင်း ဘိလပ်မြေစက်ရုံ အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ရေး စီစဉ်ဆဲဖြစ်ပါကြောင်းနှင့် ယခုအချိန်တွင် ဘိလပ်မြေစက်ရုံအတွက် စွမ်းအင်ရရှိမှုသည် ကန့်သတ်ချက်ရှိနေပါသေးကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ယခင်စက်မှု(၁) ဝန်ကြီးဌာနမှ ထုတ်လုပ်ပြီး ဝင်းသူဇာဆိုင်များတွင် ရောင်းချခဲ့သည့် လူသုံးကုန်ပစ္စည်းများအား ယခုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ခေတ်တွင် ပြည်ထောင်စုစက်မှုဝန်ကြီးဌာန စက်ရုံကြီးများမှ ဆက်လက်ထုတ်လုပ်ရောင်းချရန် အစီအစဉ် ရှိ/မရှိ"** နှင့် **"မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်မှုကို ဆောင်ရွက်နေစဉ် ကားအို၊ ကားဟောင်းများကို အပ်စေပြီး ပြည်ပမှ အစားထိုးကားဝယ်ယူခွင့်များကို ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှု အနေအထား မည်သို့ရှိသည်ကို သိရှိလိုပါကြောင်း"** မေးခွန်းများနှင့်စပ်လျဉ်းပြီး ယခင်အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် ထုတ်ကုန်ပစ္စည်းများရောင်းချသည့် ဝင်းသူဇာဆိုင်အနေဖြင့် ရန်ကုန်မြို့တွင် ဆိုင်(၂၀)၊ နယ်မြို့အသီးသီးတွင် (၅၈)ဆိုင် စုစုပေါင်း (၇၈)ဆိုင် ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ဝင်းသူဇာဆိုင်များအား စနစ်တကျရှိစေရေး၊ စာရင်းစစ်ဆေးမှုခံနိုင်သည့် အနေအထား (Auditable)ဖြစ်စေရေး၊ မလိုလားအပ်သော မသမာမှုနှင့်ဆုံးရှုံးမှုများ မဖြစ်စေရေးတို့အတွက် စိစစ်လျှော့ချခဲ့ရာ ယခုအချိန်တွင် ဝင်းသူဇာအရောင်းဆိုင် (၆၂)ဆိုင်သာကျန်ရှိပြီး ၎င်းအနက် အရောင်းဆိုင် (၁၃)ဆိုင်ကို ပုဂ္ဂလိကသို့ တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆို ငှားရမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါဆိုင်များအား ဈေးကွက်အပေါ်မူတည်၍ လိုအပ်သော ထုတ်ကုန်ပစ္စည်းများကိုသာ စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး သွားတိုက်ဆေး၊ စားစရာအစရှိသည့် လူသုံးကုန်ပစ္စည်း အမျိုးအစားများကို ပုဂ္ဂလိကမှသာ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဆေးဝါးပစ္စည်းများသည် စနစ်တကျထားသိုမှသာ သုံးစွဲသူများအတွက် အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ပါသဖြင့် ဆေးဝါးပစ္စည်းများကို ဝင်းသူဇာဆိုင်အချို့တွင်သာ စနစ်တကျ စီမံဆောင်ရွက်၍ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်မှသာ ဈေးနှုန်းအားသတ်မှတ်သွားမည်ဖြစ်ပါသောကြောင့် အဆိုပါလူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းလျှော့၍ ရောင်းချသွားရန် အစီအစဉ်မရှိပါကြောင်းနှင့် အခြေခံလူတန်းစားများအတွက် လိုအပ်သော လူသုံးကုန်ပစ္စည်းများအား လွယ်လင့်တကူ ရောင်းချဖြန့်ဖြူးနိုင်ရေးအတွက် လက်ရှိဝင်းသူဇာဆိုင်များကို ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့် ပတ်သက်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီအနေဖြင့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုများအတွက် အသေးစားကုန်တင်ယာဉ်၊ လူစီးဘတ်စ်ကား၊ တန်(၂၀)ကုန်တင်ယာဉ်နှင့် မြေသယ်ယာဉ်များကို ထုတ်လုပ်ခွင့်ပြုထားပါကြောင်း။

ယခင်က ဘက်စုံသုံးမော်တော်ယာဉ် (Multi-purpose Vehicle)များကို ထုတ်လုပ်ခွင့်ပြုခဲ့သော်လည်း စက်မှုဇုန်များအနေဖြင့် အမှန်တကယ်ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပမှ တရားမဝင်နည်းလမ်းများဖြင့် တင်သွင်းလျက် ပြည်တွင်းထုတ်လုပ်သည့်အသွင်ဆောင်မှုများကိုသာ တွေ့ရှိရသဖြင့် ထပ်မံထုတ်လုပ်ခွင့် မပြုတော့ပါကြောင်း၊ ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် အသေးစားကုန်တင်ယာဉ်ငယ်များဖြစ်သည့် (၁)တန်နှင့် (၂)တန်ယာဉ်များကို ကောင်းစွာထုတ်လုပ်လာနိုင်ကြပြီး အဆိုပါ ပြည်တွင်းထုတ် ကုန်တင်ယာဉ်ငယ်များမှ ပြည်တွင်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို များစွာအထောက်အပံ့ဖြစ်စေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ပမှ အစားထိုးဝယ်ယူခွင့်ပြုရာတွင် အများဆုံးဝယ်ယူတင်သွင်းလျက်ရှိသော မော်တော်ယာဉ်များမှာ လူစီးယာဉ်ငယ်များ (Passenger Cars) ဖြစ်ကြောင်း တွေ့ရှိရပြီး ယင်းအမျိုးအစားယာဉ်များကို ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများအား ထုတ်လုပ်ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ ပြည်ပမှယာဉ်များ ဝယ်ယူတင်သွင်းခွင့်ပြုလိုက်သဖြင့် ပြည်တွင်းကားဈေးကွက်ရှိ မော်တော်ယာဉ်အမျိုးအစားအားလုံး၏ ဈေးနှုန်းများ ကျဆင်းသွားသော်လည်း ယခင်အလွန်မြင့်မားနေသော ဈေးနှုန်းများမှ သင့်တင့်သောဈေးနှုန်းသို့ ကျဆင်းသွားခြင်းသာဖြစ်ပါကြောင်း။

လက်ရှိမော်တော်ယာဉ်များ၏ ဈေးကွက်ရှိဈေးနှုန်းအနေအထားတွင်ပင် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့အား ထုတ်လုပ်ခွင့်ပြုထားသော မော်တော်ယာဉ်အမျိုးအစားများကို ထပ်မံထုတ်လုပ်နိုင်ရေးအတွက် ခွင့်ပြုချက် တင်ပြတောင်းခံနေဆဲဖြစ်သဖြင့် ထူးခြားမှုသိသာစွာ တွေ့ရှိရခြင်း မရှိသေးသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ကားအို၊ ကားဟောင်းများကိုအပ်စေပြီး ပြည်ပမှ အစားထိုးယာဉ်များကို ဝယ်ယူတင်သွင်းခွင့်ပြုလိုက်သဖြင့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအပေါ် သိသာစွာအကျိုးသက်ရောက်မှုမရှိပါကြောင်းဖြင့် ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ဆက်သွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး တင်ပြလာသည့် ၅၀၀၀ ကျပ်တန် SIM Card အစီအစဉ်သည် Mobile ဖုန်းဆက်သွယ်ရေးစနစ်ကို ပြည်သူများစရိတ်စက အထူးသက်သာစွာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရမှ ယင်းအစီအစဉ်**

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေ" နှင့် **"သုံးစွဲမှုစရိတ်ကြီးမြင့်နေသော Internet ဈေးနှုန်းများကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ Internet Connection များ မြန်ဆန်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ"** မေးခွန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသော တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု ရရှိနိုင်ရန်နှင့် တယ်လီဖုန်းသုံးစွဲသူပြည်သူများ အလွယ်တကူ သုံးစွဲနိုင်ရေးအတွက် ကနဦးတပ်ဆင်ခများကို အဆင့်အလိုက်လျှော့ချတပ်ဆင်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နှစ်စဉ်စီမံကိန်းများဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မိုဘိုင်းတယ်လီဖုန်းများကို ကျေးလက်ဒေသများအထိ တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ပြီး တပ်ဆင်ခများကိုလည်း ပတ်ဝန်းကျင် နိုင်ငံများအတိုင်းဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် ထပ်မံလျှော့ချတပ်ဆင်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

မိုဘိုင်းဖုန်းများကို တိုးချဲ့တပ်ဆင်ရာတွင် တပ်ဆင်သည့် မိုဘိုင်းဖုန်းအချင်းချင်း ဆက်သွယ်ပြောဆိုနိုင်ရေး၊ ရှိပြီးဖြစ်သော အော်တိုဖုန်းများ၊ မိုဘိုင်းဖုန်းများနှင့် လွယ်ကူလျင်မြန်စွာ ပြောဆိုဆက်သွယ်နိုင်ရေးတို့အတွက် အဓိကလိုအပ်သော ဆက်သွယ်ရေးအခြေခံအဆောက်အအုံကို အချိန်ယူ၍ မဖြစ်မနေ တည်ဆောက်ရပါကြောင်း၊ စီမံကိန်းပထမနှစ်တွင် တည်ဆောက်ရသည့် Telecommunications Infrastructure သည် စီမံကိန်းကာလအတွက် လုံလောက်ပြည့်စုံအောင် စတင်တည်ဆောက်ရသည့်အတွက် အချိန်ယူတည်ဆောက်ရသည့်အပြင် ကနဦးရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များပြားပါကြောင်း၊ သို့သော် လာမည့်စီမံကိန်းနှစ်များတွင် တည်ဆောက်ခဲ့ပြီးသော Infrastructure ကို ပံ့မှန်တိုးချဲ့ရန်သာ လိုအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုများသည် နှစ်စဉ်လျော့ကျသက်သာသွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာနှုန်းထားများအတိုင်း မိုဘိုင်းတယ်လီဖုန်း နှုန်းထားများကို လျှော့ချသွားနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဆက်သွယ်ရေးကဏ္ဍတွင် အတွေ့အကြုံရှိပြီး ငွေကြေးအင်အား တောင့်တင်းခိုင်မာ၍ နည်းပညာအဆင့်အတန်းမြင့်မားသော လက်ရှိဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြသည့် ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသော ပြည်တွင်းပြည်ပ ကုမ္ပဏီများစွာ ရှိပါကြောင်း၊ ၎င်းတို့အထဲမှ အချို့နိုင်ငံတကာကုမ္ပဏီကြီးများနှင့် ဆွေးနွေးလျက်ရှိပြီး ယင်းသို့ဆွေးနွေးရာတွင် ၎င်းတို့အနေဖြင့် ငွေကြေး၊ နည်းပညာ၊ စက်ပစ္စည်းတို့ အချိန်တိုအတွင်း ရရှိနိုင်သော်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အခြေခံအဆောက်

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အအုံတည်ဆောက်ခြင်းကို တစ်နှစ်၊ တစ်နှစ်ကျော်ခန့် ကြာမြင့်နိုင်သည်ဟု ဆွေးနွေးရရှိခဲ့ပါကြောင်း၊ သို့ပါ၍ မိမိဝန်ကြီးဌာနမှ တင်ပြထားခဲ့သည့်အတိုင်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့် နိုင်ငံတကာနှုန်းထားများအတိုင်းဖြစ်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ကနဦးတပ်ဆင်ခနှင့် သုံးစွဲမှုစရိတ် ကြီးမြင့်နေသော Internet ဈေးနှုန်းများကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ Internet Connection များ မြန်ဆန်စွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကနဦးတပ်ဆင်ခ ဈေးနှုန်းများ ကြီးမြင့်နေရခြင်းအကြောင်းရင်းမှာ Internet အခြေခံအဆောက်အအုံ စတင်အချိန်ယူတည်ဆောက်မှုစရိတ် ကြီးမြင့်မှုပေါ်တွင်မူတည်နေပါကြောင်း၊ သုံးစွဲခစရိတ် (လစဉ်ကြေး)မှာ အချို့နိုင်ငံများထက်သက်သာပြီး အချို့နိုင်ငံများနှင့် တန်းတူနီးပါးရှိပါကြောင်း၊ ယခင် ကနဦးတပ်ဆင်ခများ၏ ထက်ဝက်ခန့်လျှော့ချပေးထားသည်ကိုတွေ့နိုင်ပြီး ကွန်ရက်တည်ဆောက်မှု စရိတ်အပေါ် သုံးစွဲသူအရေအတွက် များလာသည်နှင့်အမျှ ကနဦးတပ်ဆင်ခများ လျော့ကျသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ Internet ဆက်သွယ်မှု နှေးကွေးရခြင်းအကြောင်းနှင့် ပတ်သက်၍ Internet ကွန်ရက် အဆင့်မြှင့်တင်ရေးဆောင်ရွက်နိုင်ရန် လက်ရှိဝန်ဆောင်မှုပေးနေသော ISP (၂)ခု၏ ပင်မကွန်ရက် (Core Network) မှစ၍ သုံးစွဲသူ (End User) အထိ Internet ဆက်သွယ်မှု နှေးကွေးစေနိုင်သောလိုအပ်ချက်များ ရှာဖွေစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စင်ကာပူနိုင်ငံ National Computer System (NCS) Co., Ltd.၊ ထိုင်းနိုင်ငံ Loxley Co., Ltd. မှ ပညာရှင်များအားဖိတ်ခေါ်၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် (၂)ကြိမ် ကွင်းဆင်းတိုင်းတာ စိစစ်လေ့လာခဲ့ပါကြောင်း။

အဆိုပါ ပညာရှင်အဖွဲ့များ၏ အကြံပြုချက်အရ သက်တမ်းကြာမြင့်ပြီး မကြာခဏ ပြတ်တောက်လေ့ရှိသော အာရှဥရောပရေအောက်ဆက်ကြောင်း (SEA-ME-WE-3)အပြင် အခြား (SEA-ME-WE-4)၊ (SEA-ME-WE-5) ဆက်ကြောင်းများ တိုးချဲ့ချိတ်ဆက်ရေးအပြင် ကုန်းတွင်းဖြတ်ကျော် ဆက်ကြောင်းများ တိုးချဲ့ချိတ်ဆက်ရေး၊ စင်ကာပူနှင့် ဟောင်ကောင်ရှိ Data Center များတွင် ISP များ၏ Oversea POP (၁)ခုစီ ထပ်မံချိတ်ဆက်သွားရေး စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာပြည်ပကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး Internet Bandwidth ပမာဏကိုလည်း 14 Gb အထိ တိုးချဲ့သွားမည်ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း Internet သုံးစွဲမှုတွင် မိမိသုံးစွဲသည့် download ပမာဏကိုသာပေးရမည့် တန်ဖိုးနည်းစနစ်ကိုလည်း WiMax စနစ်တွင် သုံးစွဲမည်ဖြစ်၍ အင်တာနက်သုံးစွဲမှုတန်ဖိုးများ ပိုမိုလျော့ကျလာနိုင်ပါကြောင်း။

၎င်းအပြင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံတွင် ဆွေးနွေးညှိနှိုင်းချက်များအရ 2 nd ICT Master Plan (2010-2015) အား အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ICT အသုံးချနိုင်မှု ပိုမိုမြှင့်တင်နိုင်ရေး ပြည်တွင်း ပြည်ပမှ ပညာရှင်များ ဖိတ်ကြား၍ မည်သို့ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းအဖြေရှာဆွေးနွေးမည့် National ICT Forum အား ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ကျင်းပရန် ဆောင်ရွက်နေပါကြောင်း၊ ၎င်း Forum မှရရှိလာမည့် အကြံပြုချက်၊ ဆွေးနွေးချက်များအတိုင်း ထပ်မံဆောင်ရွက်ပါက မိမိတို့ Internet စနစ်သည် သင့်လျော်သည့် ဈေးနှုန်းဖြင့် မြန်ဆန်ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသန်းမြင့်၏ **"တနင်္သာရီမြို့နယ်တွင် ပြိုလဲကျနေသည့် CDMA ဖုန်းလိုင်း ဆက်သွယ်ရေးတိုင်ကို ပြန်လည်စိုက်ထူပေးလျက်ရှိရာ မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီမြို့နယ် ပို့ဝ့်-၁၇၉၈ မိုက္ကရိုဝေ့ဗ် စခန်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားသော တာဝါတိုင်အမြင့် (၃၂)မီတာအား အသစ်ပြန်လည်စိုက်ထူပေးရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ တာဝါဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယအပတ်တွင် ပြီးစီးခဲ့ပါကြောင်း၊ တာဝါတိုင် တပ်ဆင်ခြင်းလုပ်ငန်းနှင့် Transmission တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မတ် ၂၅ ရက်တွင် ပြီးစီးခဲ့ပြီးဖြစ်၍ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်းက ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းသည်။ ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့ထားပြီး ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများဖြစ်သည့် **၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**နှင့် **လူမှုဖူလုံရေးဥပဒေကြမ်း**တို့ကို လွှတ်တော်သို့ အသိပေးတင်ပြသည်။ ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက **"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ၄၂၆၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ အဆိုကိုလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်က **"မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ်ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar) အတွက် အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်း ကျွမ်းကျင်ပညာရှင်များ/နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်း ကြီးကြပ်ညှိနှိုင်းမှုကော်မတီတစ်ရပ်ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်ရပ်နားလိုက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ အစည်းအဝေးတွင် မေးခွန်း(၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသောဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ အမျိုးသားလွှတ်တော်ကအတည်ပြုပေးပို့ထားပြီး ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၃)ခုကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အဆို(၂) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ (သတင်းစဉ်)

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာပေးဆပ်ခြင်းဂုဏ်ပြု

ကြံခင်း ဧပြီ ၂၃

ဧရာကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ ပြေကျေစွာပေးဆပ်ခြင်းဂုဏ်ပြုပွဲနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဧကကွက်ဖော်ထုတ်ရေး ချေးငွေပေးအပ်ပွဲအခမ်းအနားကို ကြံခင်းမြို့ ဧရာဦးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံစီးပွားဝန်ကြီး ဦးလှခိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ ဧရာကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးကျော်စိုးတို့က ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းနှင့် ချေးငွေထုတ်ချေးနိုင်ရေး လုပ်ငန်းစဉ်များအား တင်ပြပြီး ဒေသဖွံ့ဖြိုးရေး အလှူငွေများကို ချေးငွေကြီးကြပ်ရေးအဖွဲ့များသို့ ဂုဏ်ပြုဆုများပေးအပ်ပြီး ရိုးသားတောင်သူဆုနှင့် ဘက်ရဲကျေးရွာအုပ်စု ဧကကွက်ဖော်ထုတ်ရေး ချေးငွေများပေးအပ်သည်။**(ယာပုံ)** (ကြေးမုံ)

စစ်ကိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေးဆွေးနွေး

စစ်ကိုင်း ဧပြီ ၂၃

စစ်ကိုင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ် ၂ ရက် နံနက် ၁၁ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန်းမောင်နှင့် မွေးမြူရေးလုပ်ငန်းရှင် ၄၈ ဦး တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်သင်းက စီးပွားဖြစ် မွေးမြူရေးခြံများ၌ ဇီဝလုံခြုံမှု မြှင့်တင်ရေးနှင့် မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်စောင့်ရှောက်ရမည့် အချက်အလက်များကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆေးများကို ပေးအပ်သည်။ ယင်းနောက် တက်ရောက်ကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ (၂၂၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ နှောင်းခေတ်တေးပဒေသာ
၈း၁၅ "အလင်းတံခါးဖွင့်လှစ် လွှမ်းခြုံနေမှာ ရေအားလျှပ်စစ်စက်ရုံရဲ့ရှာ"
၃း၁၅ AFC Cup 2012 Group Stage ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် [ရောဝတီယူနိုက်အသင်း(မြန်မာ) နှင့် Arema အသင်း (အင်ဒိုနီးရှား)]
၅း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၅၀ "အမှိုက်နှင့်သင့်တာဝန်"
၆း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၄၀ ဆိုလိုက်ကြစို့
၇း၁၅ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၂၂)**
၈း၀၀ ပြည်တွင်းသတင်း -ချိုမြိန်ရသာမုန့်ကမ္ဘာ **-အိန္ဒိယရုပ်ရှင် "အထီးကျန်ဝိညာဉ်" (အပိုင်း-၁)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် Beech-1900D လေယာဉ်ကို ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တောင်အာဖရိကနိုင်ငံမှ ဝယ်ယူထားသော ဘက်စုံသုံး Beech-1900D လေယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့်အတူ ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ တောင်အာဖရိကနိုင်ငံမှ ဝယ်ယူထားသော ဘက်စုံသုံး Beech-1900D လေယာဉ်ကို ကြည့်ရှုစစ်ဆေးပြီး လေယာဉ်၏ စွမ်းပကားနှင့် ဒေသတွင်းပျံသန်းနိုင်မှုအခြေအနေများ၊ လေယာဉ်၏ Charter ခရီးစဉ်များဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပုံများ၊ လေယာဉ်ပြေးလမ်းများ၏ လေကြောင်းညွှန်ကြားစက်များ မှန်ကန်မှုရှိနေစေရန် ဝယ်ယူထားသော ခေတ်မီအီလက်ထရွန်နစ်စက်များတပ်ဆင်၍ ပျံသန်းစစ်ဆေးရန်ကိစ္စများနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများသို့ ပျံသန်းနိုင်ရေးကိစ္စများကို မှာကြားသည်။

ထို့နောက် လေယာဉ်ရုံနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲ)ဦးသန်းထွန်းက အသစ်တည်ဆောက်လျက်ရှိသည့် လေယာဉ်ရုံပြီးစီးပါက နိုင်ငံခြားငွေသက်သာပြီး အတွေ့အကြုံရရှိရေးအတွက် ATR လေယာဉ်များအား ပြည်တွင်း၌အကြီးစား ပြင်ဆင်စစ်ဆေးဆောင်ရွက်ရန်ကိစ္စများကို တင်ပြသည်။

ယင်းနောက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနခွဲ၌ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ခရီးသည်နှင့် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိပြီး ယခုအခါ Non- Schedule Flight များ ပိုမိုဆင်းသက်လာသဖြင့် ဝင်ငွေပိုမိုရရှိနိုင်မည့်အခြေအနေ၊ ယာဉ်ယန္တရားများ ဖြည့်တင်းထားမှုနှင့် ပြင်ဆင်ထိန်းသိမ်းမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လေကြောင်းလိုင်းများအား ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင်၊ ခေတ်နှင့်အညီ ယာဉ်ယန္တရားများ အသုံးပြုနိုင်ရန်၊ အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်သော ဝန်ထမ်းများဖြစ်စေရန်နှင့် လေယာဉ်များလုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေးအတွက် အသေးစိတ်စစ်ဆေး ကြပ်မတ်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်း လမ်း၊ တံတားပြုပြင်ဆောက်လုပ်နေမှု မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းမှ မြေနီကုန်းလမ်းဆုံအထိ ပြည်လမ်းအား ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုနှင့် လမ်းအလယ်ရှိ Flower Box များ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အလုံလမ်းနှင့် ဦးဝိစာရလမ်းဆုံတို့၌ လမ်းသားများ တိုးချဲ့ရန်ဆောင်ရွက်ထားရှိမှု၊ ဒဂုံမြို့နယ် ပြည်လမ်း၌ ယာဉ်ရပ်နားဂိတ် ဆောင်ရွက်ထားရှိမှု၊ စမ်းချောင်းမြို့နယ် ပြည်လမ်း၌ ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုနှင့် လမ်းအလယ်ရှိ Flower Box များ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ လှိုင်မြို့နယ် ခြောက်မိုင်ခွဲအနီး ပြည်လမ်း၌ ကွန်ကရစ်လူသွားစင်္ကြံနှင့် လမ်းလယ်ကျွန်းများပြုလုပ်နေမှု၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအလယ်ရှိ ပန်းအလှပင်များစိုက်ပျိုးနေမှု၊ အင်းစိန်မြို့နယ် အင်းစိန်လမ်း ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုနှင့် လမ်းအလယ်၌ Flower Box များပြုလုပ်ထားရှိမှု၊ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိလူသွားစင်္ကြံများ၌ ကွန်ကရစ်အုတ်ပေါင်များပြုလုပ်နေမှုနှင့် လေဆိပ်အဝင်လမ်းအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းအား အပိုင်းလိုက် ကွန်ကရစ်လမ်းချောထပ်ပိုးခင်းနေမှုနှင့် မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းမအား ကျောက်ချောကတ္တရာထပ်ပိုးခင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ငမိုးရိပ်တံတား(ပါရမီ) တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှု၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်းဆုံအနီး ကမ္ဘာအေးစေတီလမ်းအား ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် လူသွားစင်္ကြံအား ကွန်ကရစ်ကတ်တုံးများပြုလုပ်နေမှုနှင့် မြန်မာ့ဂုဏ်ရည်လမ်းရှိ မန္တလေးလမ်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် ကျောက်စီနံရံများ ပြုလုပ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

○ ဘိုကလေးမြို့နယ်မှ

အင်းအိုင်ပေါများပြီး လမ်းပန်းဆက်သွယ်ရေးကန့်သတ်ချက်များ ဖြစ်တည်ခဲ့တဲ့အတွက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ နှေးကွေးခဲ့တယ်ဆိုတာကို အားလုံးအသိပင်ဖြစ်သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ရထားလမ်း၊ ကားလမ်းကြီးများအားလုံး ကွန်ရက်ပမာ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ပေးပြီးဖြစ်တဲ့အပြင် လိုအပ်တဲ့တံတားကြီးများကိုလည်း တည်ဆောက်ဖြည့်ဆည်းပေးခဲ့တဲ့အတွက် ယခုအခါ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာပြီး ဒေသခံပြည်သူများရဲ့ စီးပွားရေးဘဝ အခြေအနေကောင်းများကိုလည်း လမ်းစဖော်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဘိုကလေးမြို့နယ်၏ တောင်ဘက်စွန်းပင်လယ်ကမ်းရိုးတန်းမှာရှိတဲ့ အမာမြို့နယ်ခွဲအပါအဝင် ကျေးရွာအုပ်စုများဟာ ၁၉၉၁ ခုနှစ်မှ ဖျာပုံ-ကျိုကဒွန်း-အမာလမ်း၊ ကျိုကဒွန်း-စက်ဆန်းလမ်းကို ဖောက်လုပ်ခဲ့သော်လည်း ဘိုကလေးမြို့ကို သွားလာချင်လျှင် ကွေ့ပတ်သွားလာရတဲ့အတွက် အချိန်များစွာပေး၍ သွားလာနေရသဖြင့် နိုင်ငံတော်အစိုးရက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီး လမ်းမကြီး ၁၁ လမ်းကို တည်ဆောက်အကောင်အထည်ဖော်ပေးနေရာမှာ လမ်းအမှတ် (၆)ဖြစ်တဲ့ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းလည်း ဖောက်လုပ်ခဲ့သည်။ လမ်းမကြီးနှင့်အတူ ယနေ့ဖွင့်လှစ်တဲ့ ထော်ပိုင်တံတားအပါအဝင် တံတားကြီး/ငယ်များကို တည်ဆောက်ပေးခဲ့သည်။

ထော်ပိုင်တံတားကို ၁၇-၃-၂၀၀၉ ရက်နေ့က စတင်တည်ဆောက်ခဲ့ပြီး ၃၁-၃-၂၀၁၁ ရက်နေ့မှာ တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။ ၎င်းထော်ပိုင်တံတားဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်မှာ (၁၃) စင်းမြောက် ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀ အထက် တံတားတစ်စင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ငါးစင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားလည်းဖြစ်သည်။

ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းသည် အဆိုပါလမ်းကွန်ရက် ၁၁ လမ်းတွင်ပါဝင်ပြီး အရှည်(၃၈/၅) မိုင်ရှိပါသည်။ အဆိုပါလမ်းတစ်လျှောက်တွင်လည်း မြစ်ကူး၊ ချောင်းကူးတံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးခဲ့ရာ အရှည်ပေ ၄၃၀ ပေရှိ ထော်ပိုင်ချောင်းတံတားသည် ဘိုကလေးမြို့မှ (၂၆/၃)မိုင်ခန့်အကွာ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင် (၂၆/၂)နှင့် (၂၆/၃)ကြားတွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အုတ်မြစ်ဘိုးပိုင်နှင့် သံမဏိပိုက်၊ ကိုယ်ထည်သံကူကွန်ကရစ်နှင့် သံမဏိပိုက်၊ အပေါ်ထည်မှာ ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းဖြစ်သည်။

ထော်ပိုင်ချောင်းတံတားတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ လမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများသည် ယခင်ကကဲ့သို့ ရေကြောင်းလမ်းကို အသုံးပြုရန်မလိုတော့ဘဲ အချိန်မရွေး၊ ရာသီဥတုမရွေး လယ်ယာသီးနှံထွက်ကုန်များကို သယ်ယူပို့ဆောင်နိုင်ကာ သဘာဝအန္တရာယ်ကျရောက်ပါကလည်း အချိန်တိုအတွင်း ဘေးလွတ်ကင်းရာသို့ သွားလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဖျာပုံ-ကျိုကဒွန်းလမ်း၊ စက်ဆန်း-ထော်ပိုင်-အမာလမ်းတို့မှ တစ်ဆင့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များသည် ရန်ကုန်မြို့သို့ ပွင့်လင်းရာသီတွင် ကူးသန်းသွားလာနိုင်ကြပြီဖြစ်သကဲ့သို့ တည်ဆောက်ပြီးလမ်းကွန်ရက်တစ်ခုနှင့် တစ်ခု ချိတ်ဆက်၍ မိမိသွားလိုရာခရီးကို လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ကြောင်းကို ကွင်းဆင်းသွားရောက်လေ့လာရေးသားလိုက်ရခြင်းဖြစ်သည်။ ။

ထော်ပိုင်ချောင်းတံတားကို တွေ့ရစဉ်။

မချစ်စုသရက်သီး ဝယ်လိုအားမြင့်တက်

ရေတာရှည် ဧပြီ ၂၃

နေပြည်တော်တပ်ကုန်းမြို့မှ သရက်ချဉ်စပ် ထုတ်လုပ်သူများ၏ ဈေးကွက်ဝယ်လိုအားကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မချစ်စုသရက်သီးများကို လိုက်လံဝယ်ယူလျက်ရှိသည်ဟု သိရသည်။ သရက်ချဉ်စပ်ပေါင်းပြုလုပ်ရာတွင် အသီးနုချိန် ယခုကာလတွင် ဆက်တိုက်ဝယ်ယူတင်ပို့မှုများကြောင့် သရက်သီးတစ်လုံးလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၃၀ မှ ငွေကျပ် ၆၀ ထိ ရောင်းချရပြီး နေပြည်တော်တပ်ကုန်းမြို့ကို ရထားဖြင့် တစ်ခေါက်လျှင် မချစ်စုသရက်သီးအလုံးရေ ၃၀၀ မှ ၇၀၀ အထိ သယ်ယူပြီး ရောင်းချရသည်ဟု သရက်သီးအရောင်းအဝယ်လုပ်သူတစ်ဦးက ပြောပြသည်။ အဆိုပါသရက်မျိုးသည် အချဉ်ဓာတ်နည်းပါး၍ ပူပြင်းသည့်နွေကာလတွင် သုပ်စားလေ့ရှိပြီး ရထားဘူတာ၊ ကားဂိတ်များတွင် အသင့်စားသုံးရန် ချဉ်စပ်ထုပ်နှင့်တွဲလျက် အရောင်းသွက်လျှကြောင်း သတင်းရရှိသည်။

ကိုလွင်(ဆွာ)

ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံ သင်ကြားလေ့ကျင့်ပေးနိုင်ရေး မူလတန်းသင် ဆရာ ဆရာမများအား ကျင့်ဝတ်စည်းကမ်းများ လေ့ကျင့်သင်ကြားပေး

နေပြည်တော် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၁၂ ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ အခြေခံပညာဦးစီးဌာနများ၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အဖွင့်အမှာစကားပြောကြားရာ၌ ပညာရေးနှီးနှောဖလှယ်ပွဲသို့ တင်သွင်းထားသော အစီရင်ခံစာနှင့် စာတမ်းများကို အကျေအလည် ဆွေးနွေးညှိနှိုင်းကြပြီး ထိရောက်ပီပြင်စွာ ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ် ကြောင်း၊ ဝိဇ္ဇာသိပ္ပံပညာရှင်ကြီးများကလည်း အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် လက်ရှိပညာရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် စုပေါင်းဆွေးနွေးသုံးသပ်ခဲ့ကြပြီး ပြုပြင်ပြောင်းလဲသင့်သောလုပ်ငန်းများကို အကြံပြုခဲ့ကြကြောင်း။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ်ကာလမှစတင်ပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်း မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်စီကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးနေသည့် ရည်ရွယ်ချက်ကို အလေးအနက်ခံယူပြီး အခြေခံပညာအဆင့်အလိုက် ကျောင်းဝင်နှုန်း၊ ကျောင်းနေနှုန်း၊ အတန်းကူးပြောင်းသင်ယူနှုန်းနှင့် အဆင့်ကူးပြောင်းသင်ယူနှုန်းတို့ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာအလယ်တန်း ပညာသင်ဆုနှင့် အထက်တန်း ပညာသင်ဆုများချီးမြှင့်ပေးနိုင်ရေးအတွက် ပညာသင်ဆုစာမေးပွဲများ ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း၊ ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအတွက်လည်း ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်ပြီး အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့်အညီ သင်ကြားနိုင်မည့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများနှင့် တင်သွင်းရမည့်ပုံစံသတ်မှတ်ချက်များ၊ အမိန့်ညွှန်ကြားချက်များကိုရေးဆွဲ၍ ဆက်လက်တင်ပြထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးလေ့လာသုံးသပ်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် အားနည်းချက်၊ လိုအပ်ချက်ရှိသည့်လုပ်ငန်းများအတွက် စီမံချက်များရေးဆွဲပြီး နိုင်ငံတော်နှင့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရေးစေတနာရှင်များ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံနှင့် သင်ကြားလေ့ကျင့်ပေးနိုင်ရေးအတွက် မူလတန်းသင်ဆရာ ဆရာမများအား သင်ကြားရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း။

ဘက်စုံပညာပြည့်ဝသော နိုင်ငံသားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် အားကစား၊ ရသ (ပန်းချီ၊ ဂီတ)၊ စာရိတ္တနှင့် ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများ၊ ကျင့်ဝတ်စည်းကမ်းများကို နားလည်လက်ခံကျင့်သုံးလာနိုင်အောင် မပျက်မကွက် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သကဲ့သို့ ကျောင်းစစ်ဆေးရေး အဖွဲ့များနှင့် ကျောင်းအုပ်ကြီးများကလည်း စနစ်တကျကြပ်မတ် ညွှန်ကြားပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းမြင့်မားရေးတာဝန်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကားပြောကြားပြီး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက နှီးနှောဖလှယ်ပွဲ အစီအစဉ်များနှင့် လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အုပ်စုအတွင်းရေးမှူးများက အခြေခံပညာကဏ္ဍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ရှည် စီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာကို ရှင်းလင်းတင်ပြကြပြီး နှစ်ရှည်စီမံကိန်းအကောင်အထည်ဖော်မှု အစီရင်ခံစာပါ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် အုပ်စုလေးစုခွဲ ဆွေးနွေးညှိနှိုင်းကြသည်။

ညနေပိုင်းတွင် စာတမ်းရှင်လေးဦးတို့က စီမံကိန်းလုပ်ငန်းစာတမ်းများကို ရှင်းလင်းတင်ပြကြပြီး ပထမနေ့ အစီအစဉ်များကို ရပ်နားသည်။ နှီးနှောဖလှယ်ပွဲကို ဧပြီ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၁၂ ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၇၁ လက်မနှင့် ရေးမြို့တွင် သုည ဒသမ ၅၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်းများစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၂၀ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် မိတ္ထီလာလမ်းခွဲမှတစ်ဆင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ မိတ္ထီလာ-ကလော-တောင်ကြီး လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ မိတ္ထီလာ-ကလော-တောင်ကြီး လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၁/၂)မှ (၁၁/၅)အထိ ကျောက်ခင်း ကတ္တရာလောင်း လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ-နန့်ပန်တက်-ကလော-တောင်ကြီးလမ်းပိုင်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ တောင်ဆင်း၊ တောင်တက်လမ်းကွေ့များ၌ ယာဉ်များအန္တရာယ်ကင်းရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးတင့် မိတ္ထီလာ-ကလော-တောင်ကြီး လမ်းပေါ်ရှိ မိုင်တိုင် အမှတ် (၁၁/၂)မှ (၁၁/၅) အထိ လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအနုပညာရပ်ဝန်း

ဖီဂျီလုပျိုဖြူများကို ချီးမွမ်းစကားဆိုခဲ့သည့် ကမ္ဘာကျော် စူပါမော်ဒယ်လ် ရေချယ်ဟန်တာ

ကမ္ဘာကျော် စူပါမော်ဒယ်လ် သရုပ်ဆောင် ရေချယ်ဟန်တာ

ကမ္ဘာကျော် စူပါမော်ဒယ်လ် သရုပ်ဆောင် ရေချယ်ဟန်တာက ဖီဂျီနိုင်ငံ၏ သမီးပျိုများသည် ကမ္ဘာ့ဖက်ရှင်လောကကို အကြီးအကျယ် ပြောင်းလဲမှုများ ယူဆောင်ပေးနိုင်မည့် ပါရမီရှင်အစွမ်းအစများရှိကြောင်း ဧပြီ ၂၂ ရက်က သတင်းမီဒီယာများသို့ ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်က ဖီဂျီနိုင်ငံ မြို့တော်ဆူဗာ၌ ကျင်းပခဲ့သည့် ဖီဂျီမယ်စကြာပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ပေးခဲ့သူ ရေချယ်ဟန်တာက ဖီဂျီနိုင်ငံသူ လှပျိုဖြူများသည် ခန္ဓာကိုယ်အချိုးအစား လှပပြေပြစ်ကြသကဲ့သို့ စိတ်သဘောများလည်း ဖြူစင်ကြကြောင်း ထုတ်ဖော်ပြောကြားသည်။

ဖီဂျီနိုင်ငံသူ မော်ဒယ်လ်များသည် ကမ္ဘာ့ကျော် စူပါမော်ဒယ်လ်များ ဖြစ်နိုင်ရန် အလားအလာကောင်းများ ရှိနေပြီး ယခုပြိုင်ပွဲမှတစ်ဆင့် မော်ဒယ်လ်လောကနှင့် ပတ်သက်သည့် ကမ်းလှမ်းမှုများ ရရှိလာနိုင်ကြောင်း၊ ဖီဂျီနိုင်ငံသူ မော်ဒယ်လ်များသည် နိုင်ငံတကာအတွေ့အကြုံများ လိုအပ်လျက်ရှိကြောင်း၊ ဖီဂျီမယ်စကြာပြိုင်ပွဲမှ တစ်ဆင့် ဖီဂျီနိုင်ငံသူ မော်ဒယ်လ်များကို နိုင်ငံတကာဖက်ရှင်မော်ဒယ်လ်အသိုင်းအဝိုင်းသို့ ဝင်ဆံ့နိုင်အောင် လမ်းဖွင့်ပေးသင့်သကဲ့သို့ ပြိုင်ပွဲမှ ဆုရရှိသူများကိုလည်း အမေရိကန်ထိပ်တန်းအေဂျင်စီတစ်ခုနှင့် ဓာတ်ပုံများ ရိုက်ကူးသင့်ကြောင်း ရေချယ်ဟန်တာက အကြံပြုပြောကြားသည်။

ဧပြီ ၂၁ ရက်(စနေနေ့)ညက ကျင်းပခဲ့သော ၂၀၁၂ ခုနှစ် ဖီဂျီမယ်စကြာပြိုင်ပွဲတွင် အသက်(၁၆)နှစ်အရွယ် တော်ရီကာ ဝတ်တာစ်က ပထမရရှိခဲ့ပြီး တော်ရီကာက ဖီဂျီနိုင်ငံ၏ အရေးကြီးသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကဏ္ဍကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံဖွား အမေရိကန်နိုင်ငံသူအဖြစ် ခံယူထားသူ ရေချယ်ဟန်တာက ၂၀၁၂ ခုနှစ် ဖီဂျီမယ်စကြာ သရုပ်ဆောင်ခဲ့သူ တော်ရီကာသည် နိုင်ငံတကာ မော်ဒယ်လ်လောက အသိုင်းအဝိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရတော့မည့် အခွင့်အလမ်းကောင်းများရှိနေပြီဟု ဆိုသည်။

ရေချယ်ဟန်တာသည် ၁၉၈၆ ခုနှစ် အသက်(၁၇) နှစ်အရွယ်မှစ၍ ဖက်ရှင်မော်ဒယ်လ်လောကတွင် ကျင်လည်ခဲ့ပြီး ရေကူးဝတ်စုံများ ရိုက်ကူးကြော်ငြာခြင်းဖြင့် လူသိများလာသူဖြစ်သည်။ အင်တာနက်။

ဟူစတန် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တရုတ်ဇာတ်ကားများ ဆုတံဆိပ်များ ဆွတ်ခူး

တရုတ် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်သူများသည် ဧပြီ ၂၁ ရက်က ကျင်းပပြီးစီးသွားခဲ့သော (၄၅)ကြိမ်မြောက် ဟူစတန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ထိပ်တန်းဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

နိုင်ငံငယ်များဖြင့် အကွဲကွဲအပြားပြားဖြစ်နေသော ရှေးခေတ်တရုတ်ပြည်၏ စစ်ပွဲကာလများကို ဖော်ကျူးရိုက်ကူးထားသော Three Kingdoms ရုပ်သံဇာတ်လမ်းတွဲက ယခုနှစ် ဟူစတန်ရုပ်ရှင်ပွဲတော်၏ အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။ Xi'an Horticultural Expo Closing Ceremony ဇာတ်လမ်းတွဲက ရွှေတံဆိပ်ဆု၊ My Chinese Acquaintances မှတ်တမ်းရုပ်ရှင်ကားကလည်း ရွှေတံဆိပ် ဆု၊ China's Beating Heart ဇာတ်ကားက ငွေတံဆိပ်ဆုနှင့် 25 Words ဇာတ်ကားက ကြေးတံဆိပ်ဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

ဟူစတန် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၆၁ ခုနှစ်က စတင်ကျင်းပခဲ့ပြီး မြောက်အမေရိကတွင် ကျင်းပလျက်ရှိသည့် ဆန်ဖရန်စစ္စကို ရုပ်ရှင်ပွဲတော်၊ နယူးယောက်ရုပ်ရှင်ပွဲတော်တို့နှင့်အတူ အပြိုင်ကျင်းပလျက် ရှိသော ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည်။ ယနေ့ကမ္ဘာတွင် ကျင်းပလျက်ရှိသော ရုပ်ရှင်နှင့် ဗီဒီယိုပွဲတော်များတွင် သက်တမ်းအရင့်ဆုံးပွဲတော်တစ်ခုလည်းဖြစ်သည်။

ယခုနှစ် ဟူစတန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဧပြီ ၁၃ ရက်က စတင်ကျင်းပခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင် ဇာတ်ကားနှင့် ရုပ်သံဇာတ်လမ်းတွဲ ၄၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အင်တာနက်။

အောဝမ်းစိုး

ပဲခူးတိုင်းဒေသကြီး၌ မီးလောင်ဆုံးရှုံးမှုတန်ဖိုး အနည်းဆုံးဖြစ်အောင် ကြိုးပမ်းမည်

ပဲခူး ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ စီမံချက်ပါအတိုင်း အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးမှုများ၊ လမ်းညွှန်ဦးဆောင်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီးဖိုမီးများသုံးစွဲရာတွင် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျအသုံးပြုရေး၊ လျှပ်စစ်အန္တရာယ်မှ မီးလောင်မှုစတင်မဖြစ်အောင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထုတ်ပြန်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေး ကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ ရေပုံးများ၊ မီးသတ်ဆေးဘူးများ အဆင်သင့်ကြိုတင်ထားရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့အတွက် မီးသတ်ယာဉ်၊ မီးသတ်ဆေးဘူးများနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်မှုများ ဆောင်ရွက်ပေးရေး၊ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက် မီးသတ်ရေကန်များ၊ အရေးပေါ်ရေယူရရှိနိုင်သည့် ရေအရင်းအမြစ်နေရာများ မြေပုံများနှင့်တကွ ရှိစေရေး၊ ကျေးရွာနှင့် ရပ်ကွက်အလိုက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အပေါ့စားမီးသတ်ယာဉ်ငယ်များ ဝယ်ယူထားရှိရေး၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပရေးစသည်တို့ကို မြို့နယ်များအလိုက် မြို့နယ်မီးသတ်ဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြသည်။

ပဲခူးတိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် ပဲခူးတိုင်းဒေသကြီးအနေဖြင့် တစ်နှစ်အတွင်း မီးလောင်ကျွမ်းမှုအကြိမ်ရေအနည်းဆုံးနှင့် ဆုံးရှုံးမှုတန်ဖိုး အနည်းဆုံးဖြစ်လာအောင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများနှင့် ပူးတွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **နီလာဝင်း(ရွှေသွေးကြီး)**

တရုတ်ပြည်ကျွမ်းဘားအနုပညာအဖွဲ့ ဖျော်ဖြေတင်ဆက်မည်

နေပြည်တော် ဧပြီ ၂၃

တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူများ၏ အပြန်အလှန်နားလည်မှုကို အားဖြည့်ပေးနိုင်ရန်နှင့် နှစ်နိုင်ငံ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုမြင့်မားစေရန် ရည်ရွယ်လျက် နှစ်နိုင်ငံလူမှုရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အဖြစ် တရုတ်ပြည်ကျွမ်းဘား အနုပညာအဖွဲ့သည် ဧပြီ ၂၇ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ တင်ဆက်ဖျော်ဖြေမည်ဖြစ်သည်။



အဆိုပါ ဖျော်ဖြေပွဲများမှ ရရှိသောဝင်ငွေများကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ပြီး ဧပြီ ၂၉ နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေမည်ဖြစ်ကြောင်းနှင့် လက်မှတ်ဝယ်ယူရန် ဖုန်း-၀၁-၃၈၂၄၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီနှင့် အရီမာ ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်

ရန်ကုန် ဧပြီ ၂၃

2012 AFC Cup အုပ်စု(H) ပွဲစဉ်အဖြစ် ဧပြီ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည့် ရောဝတီယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် အရီမာတို့ ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ Summit Park View ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။**(ဓါတ်ပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲကို နှစ်ဖက်အသင်းမန်နေဂျာများ အစည်းအဝေးအပြီးတွင် ကျင်းပခြင်းဖြစ်ပြီး ရောဝတီယူနိုက်တက်အသင်းမှ နည်းပြချုပ် ဂျိုးဇက်ဟီရယ်လ်နှင့် အသင်းခေါင်းဆောင် သီဟစည်သူ၊ အရီမာအသင်း မှ နည်းပြချုပ် Antonic Dejan နှင့် အသင်းခေါင်းဆောင် Legimin Raharjo၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုကို နှစ်ဖက်အသင်းတာဝန်ရှိသူများမှ အသီးသီး ဖြေကြားခဲ့ကြသည်။

"ဒီကရာသီဥတု အခြေအနေကြောင့် ကစားရခက်မယ်လို့ ထင်ပါတယ်။ ယခုရက်ပိုင်းအတွင်း အပူချိန်မြင့်တက်နေတာကိုလည်း သိထားပါတယ်။ ပွဲစဉ်ကျင်းပတဲ့နေရာမှာ အိမ်ရှင်အသင်းရော ဧည့်သည်အသင်းပါ နှစ်သင်းစလုံးအတွက် သင့်တော်တဲ့အခြေအနေမှာ ကျင်းပမယ်ဆိုရင် ပိုကောင်းမယ်လို့ ကျွန်တော်သုံးသပ်ပါတယ်။ ဒါက ကျွန်တော့် အကြံပြုချက်သက်သက်ပါ။ ဒါပေမယ့် အင်ဒိုနီးရှားမှာလည်း တစ်ခါတရံ အခုလိုပူပြင်းတတ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြီးခဲ့တဲ့ အုပ်စုပွဲတွေမှာ ရမှတ် တစ်မှတ်သာ ရရှိခဲ့တာကြောင့် လက်ကျန်နှစ်ပွဲစလုံးကို အမှတ်ရအောင် ပြင်းပြင်းထန်ထန်ကြိုးစားသွားမှာပါ။ အနိုင် သုံးမှတ်ရပ့်မလားဆိုတာကတော့ ဘောလုံးပွဲတစ်ပွဲမှာ အနိုင်၊ အရှုံး၊ သရေ ဘာမဆိုဖြစ်တတ်တာကြောင့် သေချာပေါက် ပြောလို့မရပါဘူး။ဒါပေမယ့် အနိုင်ရဖို့ကိုပဲ အထူးကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။ ရောဝတီအသင်းဟာ တစ်ဦးချင်းရော အသင်းလိုက်ပါ ကောင်းမွန်တဲ့ အသင်းဖြစ်တာကြောင့် လေးစားမှုအပြည့်နဲ့ ယှဉ်ပြိုင်ကစားသွားပါမယ်" ဟု ဧည့်သည် အရီမာအသင်းနည်းပြ ဒီဂျန်က ထုတ်ဖော် ပြောကြားသွားသည်။

ရောဝတီယူနိုက်တက်အသင်းနည်းပြ ဂျိုးဇက်ဟီရယ်လ်ကမူ မိမိတို့ကစားသမားများမှာ စည်းကမ်းလိုက်နာမှုများကြောင့် အသင်းရလဒ်များ ကောင်းမွန်ခြင်းဖြစ်ကြောင်း၊ မိမိ၏ နည်းစနစ်အတိုင်း လိုက်နာကစားနိုင်သော်လည်း လိုအပ်ချက်အချို့ ရှိနေဆဲဖြစ်ကြောင်း၊ ရာသီဥတု ပူပြင်းသည်မှန်သော်လည်း နှစ်သင်းစလုံးကစားရမည်ဖြစ်သောကြောင့် ပိုမိုကြံ့ခိုင်သည့် အသင်းကသာ ပွဲကို ထိန်းချုပ်သွားလိမ့်မည်ဖြစ်ကြောင်း၊ အုပ်စုတက်ရန်အတွက် အရီမာနှင့်ပွဲကို အနိုင်ရရှိရန် အထူးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အင်ဒိုနီးရှား စူပါလိဂ်တွင် ရလဒ်များ ဆိုးရွားနေပြီး အမှတ်ပေးဇယားအောက်ခြေသို့ ရောက်ရှိနေသော အရီမာအသင်းသည် AFC Cup အုပ်စု အဆင့်တွင်လည်း ရမှတ် တစ်မှတ်သာရရှိထားပြီး နိုင်ပွဲမရှိသည့် အခြေအနေသို့ ရောက်ရှိနေသည်။ အသင်းတွင် ဒဏ်ရာကြောင့် နိုင်ငံခြားသားကစားသမားတစ်ဦးနှင့် ပွဲပယ်ခံရသူ ပြည်တွင်းကစားသမားတစ်ဦး လိုက်ပါလာခြင်းမရှိကြောင်းလည်း သိရှိရသည်။ အိမ်ရှင် ရောဝတီယူနိုက်တက်အသင်းအနေဖြင့် အရီမာအသင်းအား အနိုင်ရရှိခဲ့ပါက အုပ်စုတက်ရန် အလားအလာကောင်းသွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် ကီလန်တန်(မလေးရှား)၊ နာဝိဘာဏ်ဆိုင်ဂုံ(ဗီယက်နမ်)အသင်းများနှင့် ရမှတ်ခုနစ်မှတ်စီ တူညီလျက်ရှိသည်။

သတင်း - ဇော်မင်းအောင်(၁၀၇)

ယနေ့ ဖတ်စရာ မှတ်စရာ

ဒါမှ ပေါက်ငါရ-မပေါက်ဒါန အစစ်

ဧပြီ ၆ရက်ည ၁၀နာရီကားနဲ့ ရန်ကုန်မြို့မှ နေပြည်တော်သို့ ခရီးထွက်ခဲ့ပါတယ်။ ၇ ရက်နေ့ မနက် ၉ နာရီမှာ ကျင်းပတဲ့ ကမ္ဘာ့အထိမ်းအမှတ်နေ့ အခမ်းအနားတစ်ခုတွင် စာမူရှင်အဖြစ်တက်ရောက်ခဲ့ပြီး အခမ်းအနားပြီးတာနဲ့ ရန်ကုန်ကို ရရာကားနဲ့ ပြန်မယ်ဆိုပြီး မြို့မဈေးကားဂိတ်ကို သွားရောက်ခဲ့ပါတယ်။ ရုံးပိတ်ရက်ရှည်အတွက် ခရီးသွားများလွန်းလို့ မွန်းလွဲ ၁ နာရီ ကားလက်မှတ်သာ ရခဲ့ပါတယ်။ အချိန်ကစောနေသေးတော့ ရောင်နီထွန်းကားဂိတ်ရှေ့ ထိုင်ခုံမှာထိုင်ရင်း ဟိုငေးဒီငေးလုပ်နေရင်းက မျက်နှာချင်းဆိုင်မှာ မြင်နေရတဲ့ ဝင်းသူဇာဆိုင်တန်းတွေဘက်ဆီသို့ နေပူပူထဲမှာပဲ လျှောက်သွားမိခဲ့ပါတယ်။

"ထီတစ်စောင် ၂၀၀ ကျပ်" ဆိုပြီး ဝင်းသူဇာဆိုင်တန်းရဲ့ အစွန်ဆုံးအခန်းမှာ ဆိုင်းဘုတ်ရေးထားတာတွေ့ရလို့ ဝမ်းသာအားရနဲ့ ဆိုင်ထဲဝင်လိုက်ပါတယ်။ ထီတစ်စောင် ၂၀၀ ကျပ်နဲ့ ရောင်းတာဆိုတော့ ရိုးရိုးအစဉ်လိုက် ရွက်ဖြတ်တွေလောက်ပဲ ဖြစ်မယ်ထင်တာ။ ဆိုင်ကြီးတွေမှာ အပြင်အဆင်အမျိုးမျိုးနဲ့ ဈေးကြီးအောင်လုပ်ထားတဲ့ နံပါတ်တူ အက္ခရာကွဲ(မင်္ဂလာစုံတွဲ)များပါ ရောင်းချနိုင်တာတွေ့ရလို့ အံ့ဩမိပါတယ်။ အပြင်အဆင်မပါ ရိုးရိုးလေးပဲ ပလတ်စတစ်အိတ်နဲ့ ထည့်ရောင်းနေတာပါ။

ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့ ထီလက်မှတ်အရောင်းဆိုင်ပါ၊ စာရေးသူလည်း ၁၀ စောင်တွဲ မင်္ဂလာစုံတွဲတစ်ခုနဲ့ သုံးစောင်တွဲနှစ်ခု ပေါင်း ၃၂၀၀ ကျပ်ဖိုး ကံစမ်းခဲ့ပါတယ်။ ထီတစ်စောင် ကျပ် ၂၀၀ နဲ့ ထိုးခွင့်ရတာကို ဝမ်းသာလွန်းလို့ ပေါက်များပေါက်ခဲ့ရင်တော့-အဲဒီဆိုင်ကို မုန့်လာကျွေးဦးမယ်လို့တောင် ပြောခဲ့မိပါတယ်။

ကင်မရာလည်း မပါခဲ့လို့ ဆိုင်ကို ဓာတ်ပုံမရိုက်နိုင်ခဲ့ပါ။ အင်တာဗျူးလည်း မလုပ်နိုင်ခဲ့ပါ။

အရင်တစ်ခါက ပေါက်ငါရ-မပေါက်ဒါနကို ထီတစ်စောင်ကျပ် ၂၈၀ နဲ့ထိုးခဲ့ရလို့ မချင့်မရဲ စိတ်နဲ့ရေးခဲ့ပါတယ်။

အခုတစ်ခါမှာတော့ ထီတစ်စောင်ကို ကျပ် ၂၀၀နဲ့ထိုးခွင့်ရလို့ ပီတိစိတ်နဲ့ရေးရပါတယ်။ မပေါက်ဒါနဖြစ်မှာ အတွက်လည်း ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူပါပဲ။

အခုလို ထီတစ်စောင်ကျပ် ၂၀၀ နဲ့ ဆိုင်ဖွင့်ရောင်းချပေးတဲ့ ပြည်တွင်းအခွန်များဦးစီးဌာနအတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြည်သူများ ဈေးနှုန်းမှန်မှန်နဲ့ ကံစမ်းခွင့်ရရှိအောင် အလားတူဆိုင်များ ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ပါစေလို့ ဆုတောင်းလျက် . . .။

မခင်ထား

နိုင်ငံတကာ အားကစားသတင်း

နိုင်လင်းကြည်

မန်စီးတီး-မန်ယူ ဘယ်သူအလံထူမလဲ

မန်ချက်စတာ ဧပြီ ၂၃

မန်ချက်စတာအသင်းနှစ်သင်းတို့၏ အားပြိုင်မှု အရှိန်မြင့်လာချိန်ဖြစ်သလို မန်ယူနည်းပြ ဖာဂူဆန်နှင့် မန်စီးတီးနည်းပြမန်စီနီတို့၏ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးအချိန်လည်း ဖြစ်သည်။

မန်ချက်စတာ မြို့ခံနှစ်သင်းသည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်နှစ်ခုစလုံး၌ (၁၆)သင်းအဆင့်၌ပင် ထွက်ခဲ့ရပြီး ပရီမီယာလိဂ်ဘက်သို့ ဦးတည်ကာ အစွမ်းကုန်ကြိုးစားလာခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ကနဦးတာထွက်ခြေစွမ်းယိမ်းယိုင်ခဲ့ပြီး မန်စီးတီးကသာ ဇယားထိပ်၌ ဦးဆောင်ခဲ့သည်။သို့သော် ပရီမီယာလိဂ်အတွေ့အကြုံ ရင့်ကျက်မှုအရ လက်ရှိအချိန်တွင် မန်ယူက သုံးမှတ်အကွာဖြင့် မြို့ခံပြိုင်ဘက်မန်စီးတီးအထက် ပရီမီယာလိဂ်ဇယားထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသည်။

မန်ယူအသင်းက သုံးမှတ်အသာဖြင့် ဇယားထိပ်တွင် ဦးဆောင်လျက်ရှိသော်လည်း ဧပြီ ၃၀ ရက်တွင် ဒါဘီပွဲဖြစ်အဖြစ် အီတီဟက်ဒ်ကွင်း၌ မန်ချက်စတာနှစ်သင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အိမ်ရှင်မန်စီးတီးတို့ အနိုင်ရရှိခဲ့ပါက အမှတ်တူဂိုးကွာခြားချက်ဖြင့် ပရီမီယာလိဂ်ဇယားထိပ်ဆုံး၌ ရပ်တည်နိုင်မည်ဖြစ်သောကြောင့် ခြေကုန်ထုတ်ကစားသွားမည်ဖြစ်ကြောင်း နည်းပြမန်စီနီက ဘီဘီစီသို့ ဧပြီ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဧပြီ ၃၀ ရက်ယှဉ်ပြိုင်မည့် မန်ချက်စတာနှစ်သင်း၏ ဒါဘီပွဲစဉ်သည် ပရီမီယာလိဂ်၏ နှစ် ၂၀ သမိုင်းတွင် အကောင်းဆုံးနှင့် အရေးပါဆုံးပွဲတစ်ပွဲဖြစ်ကြောင်း၊ ဒါဘီပွဲစဉ်ပြီးပါက မန်စီးတီးအသင်းသည် နယူးကာဆယ်နှင့် ကျူပီအာအသင်းတို့ကို ကျော်ဖြတ်ရဦးမည်ဖြစ်ရာ မန်ယူအသင်းသည် မန်စီးတီးထက် ပရီမီယာလိဂ် အခွင့်အရေးပိုမိုရရှိနိုင်ကြောင်း မန်စီနီက ဆိုလာပြန်သည်။

မန်ယူနည်းပြ ဖာဂူဆန်ကမူ အိုးထရက်ဖို့ဒ်၌ အဲဗာတန်အား လေးဂိုး-လေးဂိုးဖြင့် သရေပွဲဖြစ်ခဲ့ခြင်းကြောင့် အီတီဟက်ဒ်သို့ သွားရောက်ကစားရာ၌ အိမ်ရှင်ထက် အခွင့်အရေးမပိုနိုင်ကြောင်း သို့သော် လက်ရှိအမှတ်ပေးဇယား ဦးဆောင်မှုမြဲနေရေးအတွက် ရလဒ်ကောင်းရရှိရန် ကြိုးစားရဦးမည်ဟုဆိုသည်။ မန်ယူနည်းပြ ဖာဂူဆန်သည် ယခုဒါဘီပြိုင်ပွဲမှာ မန်ယူ၏ ၂၅ နှစ် ကာလအတွင်း အရေးကြီးဆုံးပွဲဖြစ်ခြင်းကြောင့် မန်ယူကစားသမားများအား အဲဗာတန်နှင့်ပွဲထက်ပို၍ ခြေစွမ်းပြကစားရန်လိုသည်ဟု ဆိုသည်။

မန်စီးတီးတွင်လည်း အဂူရို၊ ယာယာတိုရေး၊ ဒေးဗစ်ဆေးလ်ဗား စသည့် အားထားရသည့် ကစားသမားများရှိနေရာ မန်ချက်စတာနည်းပြနှစ်ဦးမည်သို့ပင်ဆိုစေ မန်ချက်စတာနှစ်သင်း ဘယ်အသင်းအနိုင်ရမလဲဆိုတာနှင့် ပရီမီယာလိဂ်ချန်ပီယံ ဘယ်သူဖြစ်လာနိုင်မလဲဆိုတာ မြို့ခံပြိုင်ဘက်နှစ်သင်း၏ ဒါဘီပွဲစဉ်က ခန့်မှန်းဆုံးဖြတ်နိုင်မည်ဖြစ်ခြင်းကြောင့် စိတ်ဝင်စားဖွယ်ပြိုင်ပွဲတစ်ပွဲဖြစ်လာမည်ဖြစ်သည်။

အင်တာနက်။

သိုလှောင်ကန်မှ ပြုတ်ကျသေဆုံး

ကျောက်ဖြူ ဧပြီ ၂၃

ကျောက်ဖြူမြို့နယ် မြဒေးကျွန်းကျေးရွာအုပ်စု၊ ကျောက်မော်ကြီးရှိ ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဧပြီ ၁၉ ရက် ညနေ ၄ နာရီက အသက်(၄၅)နှစ်ရှိ ရေလုံခန်းကျွမ်းကျင်သူတစ်ဦးသည် မီတာ ၃၀ အမြင့်ရှိ သိုလှောင်ကန်တစ်ခုတွင် ပေကျံနေသော ကွန်ကရစ်ဘိလပ်မြေအား သန့်ရှင်းရေးပြုလုပ်ရာမှ အသက်ကယ်ကြိုးကို သိုလှောင်ကန်၏ ငြမ်းမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့စဉ် အပေါက်ချော်ကျ၍ ပြုတ်ကျခဲ့သည်။

အဆိုပါ အခင်းဖြစ်စဉ်နှင့် ပတ်သတ်၍ ကျောက်ဖြူမြို့နယ် မြဒေးကျွန်းကျေးရွာအုပ်စု ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်စိုးဝင်းသည် ဧပြီ ၁၉ ရက်ညနေ ၆ နာရီခန့်၌ တာဝန်ထမ်းဆောင်နေစဉ် ရေလုံခန်းကျွမ်းကျင်သူသည် မီတာ ၃၀ အမြင့်ရှိ သိုလှောင်ကန်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများ အခင်းဖြစ်နေရာသို့ သွားရောက်ကာ ရဲလုပ်ငန်းများလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ခြင်း၊ သေဆုံးသူအား မြဒေးကျွန်းကျေးရွာမှ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံသို့ စက်လှေဖြင့် သယ်ဆောင်ခြင်းများကို ဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ် မြဒေးကျွန်းကျေးရွာအုပ်စု ရဲတပ်ဖွဲ့စခန်း၏ သေမှုသေခင်း အမှတ်စဉ် (၁/၂၀၁၂)ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၅၀၉)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဒလမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၂၃

ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အသက်(၈၀)နှစ်အထက် ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်နံနက် ၁၀ နာရီက သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက ကန်တော့ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

ယင်းနောက် သက်ကြီးဘိုးဘွားများကိုယ်စား အဘိုး ဦးအုန်းမြင့်၊ အဘွား ဒေါ်တင်ရီတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(၅၆၉)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၁၀၀)**
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**

"သူရဲကောင်းလေး ကျွန်မချစ်သူ" (အပိုင်း-၁၅)
- ဟာသရုပ်စုံ
- မွေးမြူသုတ
- သီချင်းလက်ဆောင်
- ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်" (အပိုင်း-၁၅)**
- Mini Series

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

စက်မှုကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်း၊ ဖြေကြား

နေပြည်တော် ဇူလိုင် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၅)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးတို့က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က စက်မှုကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် စက်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်မှုဝန်ကြီးဌာနတွင် စက်မှုဆိုင်ရာနှင့် မော်တော်ယာဉ်ဆိုင်ရာဘာသာရပ်များအတွက် စက်မှုသင်တန်းကျောင်း (၅)ကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူနှင့် မကွေးတို့တွင် (၁)နှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ သင်တန်းများတွင် အခြေခံပညာအထက်တန်းအဆင့်ရှိသူ အသက်(၁၈)နှစ်မှ(၂၅)နှစ်အတွင်း လူငယ်များကို လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း၊ ထပ်မံ၍လည်း စက်မှုဆိုင်ရာ ဘာသာရပ်အတွက် မြင်းခြံတွင် စက်မှုသင်တန်းကျောင်း (၁)ကျောင်းကို ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းနှင့် ဘွိုင်လာကိုင်တွယ်သူများသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အခြေခံပညာအထက်တန်းအဆင့်နှင့် စက်မှုလုပ်ငန်းအတွေ့အကြုံရှိသူ အသက် (၅၀)နှစ်အောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တ(၆)ပတ်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအနေဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်သည့်အပြင် သတ်မှတ်အရည်အချင်းပြည့်စုံပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်လက်မှတ်ရရှိမည်ဖြစ်ပါကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ နည်းပညာအထက်တန်းကျောင်းများတွင် (၂)နှစ်သင်တန်းကို အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ လူငယ်များတက်ရောက်နိုင်ရန် ဖွင့်လှစ်ထားပြီး အဆိုပါ ကျောင်းများမှ တက်ရောက်အောင်မြင်ပြီး အရည်အချင်းပြည့်မီသူများသည် နည်းပညာဒီပလိုမာ၊ နည်းပညာဘွဲ့ (B.Tech) နှင့် အင်ဂျင်နီယာဘွဲ့ (B.E)တို့ကို အဆင့်ဆင့် ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ အလုပ်သမားဝန်ကြီးဌာနတွင်လည်း လျှပ်စစ်၊ ပိုက်ဆက်၊ ဂဟေနှင့် တွင်ခုံစသည့် ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယင်းသင်တန်းများသို့ အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ကာ သင်တန်းကာလမှာ ရက်သတ္တ(၄)ပတ်ဖြစ်ပါကြောင်း။

ပြင်ပအဖွဲ့အစည်းများတွင်လည်း ဂဟေဆက်၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးပညာ အထူးကျွမ်းကျင်မှုသင်တန်းများကို အခြေခံစက်မှုကျွမ်းကျင်သူများအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ သင်တန်းကာလမှာ အများဆုံး(၆)လဖြစ်ပြီး အောင်မြင်သူများအနေဖြင့် ဘာသာရပ်ကျွမ်းကျင်မှုအပေါ် မူတည်၍ ပြည်ပအထိ သွားရောက်လုပ်ကိုင်နိုင်သော အခွင့်အရေးများရရှိနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း၏ **"ငပုတောမြို့နယ် ငရုတ်ကောင်း မြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အဓိကကုန်ကြမ်းရရှိရေး တိုင်းတာချက်အရ ဂေါ်ရင်ဂျီကျွန်းတွင် ထုံးကျောက်ပမာဏ တန်ချိန်(၂၅)သန်းခန့်နှင့် ချောင်းဝတောင်တွင် ထုံးကျောက်ပမာဏ တန်ချိန်သန်း(၅၀)ခန့် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဘိလပ်မြေစက်ရုံအတွက် အဓိကကုန်ကြမ်းဖြစ်သော ထုံးကျောက်များရရှိနိုင်သော်လည်း ကျန်ရှိသော သွင်းအားစုများဖြစ်သည့် သံကျောက်၊ ဂေါဒန်ကျောက်၊ လျှပ်စစ်နှင့်စွမ်းအင်တို့ကို အခြားဒေသမှ သယ်ယူပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရေးသည် နိုင်ငံတော်၏ Industrial Development Plan နှင့် Investment Plan တို့အပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှုမရှိစေရန် စဉ်းစား၍ တစ်ဖက်မှ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါဒေသအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် စက်ရုံတည်ထောင်ရန် အစီအစဉ်မရှိသေးသော်လည်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ်တောင်ဘက်စွန်း ပင်လယ်ကမ်းရိုးတန်းက ထော်ပိုင်ချောင်းတံတား

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ကျော်မိုးလွင်

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏လယ်ယာစီးပွားနှင့် သားငါးအတွက် အဓိကတိုင်းဒေသကြီးဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်ချောင်းများဖြင့် ပြည့်နှက်လျက်ရှိပြီး ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်သွားလာရာတွင် ရေလမ်းကြောင်းကိုသာ အဓိကအသုံးပြုရသည်။ ရေလမ်းကြောင်းမှာလည်း ပင်လယ်ဒီရေတက်ချိန်၊ ကျချိန်စောင့်ဆိုင်းရခြင်းနှင့် ရာသီဥတုကန့်သတ်ချက်များကြောင့် အချိန်ကြန့်ကြာပြီး အန္တရာယ်ရှိကာ အချိန်မရွေး အသုံးပြု၍ မရပါ။

ထို့ကြောင့် အဓိကမြို့ကြီးများကို ဆက်သွယ်သည့် မော်တော်ကားလမ်းများကိုလည်း ဦးစားပေးဖောက်လုပ်ပေးလျက်ရှိသလို မြစ်ကူးတံတားကြီးများကိုလည်း လိုအပ်သည့်နေရာများတွင် ထည့်သွင်းတည်ဆောက်ပေးလျက်ရှိသည်။ ၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မကြုံစဖူး ထူးကဲသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားသဖြင့် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်စီမံချက်အရ နောင်တစ်ချိန်တွင် သဘာဝဘေးဒဏ်များ ဖြစ်ပွားခဲ့ပါက ဧရာဝတီတိုင်းဒေသကြီး မြို့ရွာအသီးသီးရှိ ပြည်သူလူထုများ ဘေးလွတ်ကင်းရာသို့ အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်စေရန် ပင်လယ်နှင့် နီးကပ်သည့် ဒေသများကို လမ်းကွန်ရက် ၁၁ လမ်း ဖောက်လုပ်ပေးလျက်ရှိသည်။

မြစ်ဝကျွန်းပေါ် လမ်းကွန်ရက် အမှတ်(၆)ဖြစ်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်က မြစ်ကူးတံတားကြီးနှစ်စင်းကို တစ်ပြိုင်နက်တည်ဆောက်ခဲ့ရာ ဦးစွာ အောက်နတ်ချောင်းတံတားကို ဖွင့်လှစ်ပေးခဲ့ပြီး ထော်ပိုင်ချောင်းကူးတံတားကို ဆက်လက် ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသခံပြည်သူများ အထူးဂုဏ်ယူဝမ်းမြောက်နေကြသည်။

ဧရာဝတီတိုင်းဒေသကြီးရဲ့ ပထဝီအနေအထားဟာ မြစ်ချောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

မြစ်ဝကျွန်းပေါ် လမ်းကွန်ရက် အမှတ်(၆) နံဘေးမှ ထော်ပိုင်ရွာကလေးကို တွေ့ရစဉ်။ (အောက်ပုံ)